# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါဠိဝင်(ဓမ္မပဒ-၁၁၆)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ် (၀၉၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းပြည်သာယာဝပြောမည်ဆိုပါက လက်ရှိအခြေအနေထက် အဆပေါင်းများစွာ တိုးတက်ရန် အခွင့်အလမ်းရှိသဖြင့် တိုင်းပြည်သာယာဝပြောရေးအတွက် မိမိတို့အနေဖြင့် မဆုတ်မနစ်သော ဇွဲ၊ လုံ့လများဖြင့် ဆောင်ရွက်ကြရန်လို



### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံလမ်းညွှန် အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ခမ်းနားစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် သမိုင်းတွင် ဖျောက်ဖျက်မရနိုင်သည့် မှတ်ကျောက်တစ်ခုဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လမ်းညွှန်အမှာစကား ပြောကြားရာတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**လမ်းညွှန် အမှာစကားပြောကြား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံလမ်းညွှန် အမှာစကား ပြောကြားစဉ်။



**ယနေ့ မာတိကာ**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုယာဉ်များ၊ ပြခန်းများနှင့် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများ တတိယနေ့ ဆက်လက်ခင်းကျင်းပြသ၊ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသဖြင့် အထူးစည်ကား — ပြည်တွင်းသတင်း စာ - ၈

သီရိလင်္ကာနိုင်ငံရှိ ကြာပန်းမျှော်စင်သို့ စဖွင့်သည့် အချိန်မှစကာ လာရောက်လည်ပတ်သူ ငါးသိန်းရှိ — နိုင်ငံတကာသတင်း စာ - ၁၃

# အဖိုးတန်ရေချိုကို တန်ဖိုးထားသုံးစွဲရန်လို

မြန်မာနိုင်ငံသည် ရေသယံဇာတအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံဖြစ်ပြီး ရေချိုထုတ်ယူနိုင်မှုတွင် ကမ္ဘာ့အဆင့် ၈ ရှိသည်ဟု ဆိုသည်။ လူတစ်ဦး တစ်နေ့အတွက် ရေချိုရရှိမှုကို အိမ်နီးချင်းနိုင်ငံအချို့နှင့် နှိုင်းယှဉ်ပါက အိန္ဒိယက ၁၅၆ ကုဗပေ၊ ထိုင်းက ၃၂၀ ကုဗပေရရှိပြီး မြန်မာက ၁၀၃၂ ကုဗပေရရှိနေခြင်းဖြစ်သည်။ ဤသည်မှာ လူတစ်ဦးချင်း ပျမ်းမျှရရှိမှု ကိန်းဂဏန်းပမာဏများသာဖြစ်ပြီး ဒေသအလိုက်အားဖြင့် မိုးရာသီကုန်ဆုံးသည်နှင့် ရေအတွက် ရတက်ပွေကြရသည့် ဒေသများစွာတို့ ရှိနေသည်ကိုလည်း တွေ့နိုင်သည်။

အာကာသမှကြည့်လျှင် အပြာရောင်ဂြိုဟ်ကြီးတစ်လုံးအဖြစ် တွေ့မြင်ရသည့် ကမ္ဘာကြီး၏ မျက်နှာပြင်အများစုကို ရေများဖြင့် ဖုံးအုပ်ထားခြင်းဖြစ်သော်လည်း လူသားတို့ အသုံးပြုနိုင်သည့် ရေချိုပမာဏမှာ တစ်ရာခိုင်နှုန်းမျှသာရှိသည်။ အဆိုပါ ရေချိုပမာဏသည်ပင်လျှင် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးလာခြင်း၊ ရှိရင်းစွဲ ရေချိုအရင်းအမြစ်များ တည်တံ့အောင် မထိန်းသိမ်းနိုင်ခြင်း၊ မြို့ပြဒေသများတွင် ရေဆိုးစွန့်ပစ်မှုစနစ်နှင့် မိလ္လာစနစ်တို့ ညံ့ဖျင်းခြင်း၊ အမှိုက်များ မဆင်မခြင်စွန့်ပစ်ခြင်း စသည့် အကြောင်းရင်းများစွာတို့ကြောင့် ရေချိုအရင်းအမြစ်များ ပျက်စီးလျော့နည်းလျက်ရှိရာ ကမ္ဘာ့လူဦးရေ သန်း ၇၀၀ ခန့်မှသည် သန်း ၁၀၀၀ ခန့်အထိ ရေရှားပါးမှုဒဏ်ကို ခံစားနေကြရသည်။

“ရေသုံးစွဲမှုနှင့် ပတ်သက်၍ အဖိုးတန်ရေချိုကို ချွေတာသုံးစွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရေကို အကျိုးရှိရှိဖြင့် လိုအပ်သည့် ပမာဏကိုသာ အသုံးချရန်လိုကြောင်း၊ ရေနှင့်ပတ်သက်၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောရှိရမည့်နေရာတွင် သစ်ပင်ရှိစေရေး သက်ဆိုင်ရာဒေသနှင့် ဝန်ကြီးဌာနများက ဆောင်ရွက်ရမည်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံလမ်းညွှန်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက်တည်ရှိနေသည့် အဖိုးတန်ရေသယံဇာတအရင်းအမြစ်များ မပျက်စီးရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများကို ထိရောက်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ရေဝေရေလဲဒေသများ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ သစ်တောပျက်စီး ပြုန်းတီးသည့် နေရာများတွင်လည်း ပြန်လည်စိုက်ပျိုးသွားရန် လိုအပ်သည်။

ကမ္ဘာတွင် လူဦးရေတိုးလာနေသကဲ့သို့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကလည်း ဖြစ်ပေါ်လျက်ရှိရာ အနာဂတ်တွင် ရေသည် ရှားပါးအဖိုးတန်သည့် သယံဇာတဖြစ်လာမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးကေတိုးတက်ရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေအတွက် ရေအရင်းအမြစ်များမှာ ပိုမို၍အရေးပါလျက်ရှိသည်။ မိမိတို့တွင် ရှိပြီးဖြစ်သော ရေချိုသယံဇာတအရင်းအမြစ်များကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် အနာဂတ်တွင် စားရေရိက္ခာအတွက် ကြောင့်ကြမှုကင်းကာ ဖူလုံပြည့်စုံနိုင်မည်ဖြစ်ပါကြောင်း။ ။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့**
**သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ**
**သမ္မတ မစ္စတာ ရာနေးလ် ဝစ်ခ်ရီမီဆင်းဟီ ထံမှ**
**ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့၊ ပြည်သူများနှင့် မိမိ၏ကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖော်ပြလျက် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ဆယ်စုနှစ်ပေါင်းများစွာ တည်ရှိခဲ့သည့် တူညီသော ယဉ်ကျေးမှု စံနှုန်းများနှင့် ထေရဝါဒဗုဒ္ဓဘာသာ၏ အဆုံးအမများအပေါ် အခြေခံ၍ သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားတွင် ကာလရှည်ကြာသော ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးရှိခဲ့သည်ကို ဝမ်းမြောက်စွာ ဖော်ပြလိုပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် လာမည့်နှစ်များတွင် နှစ်နိုင်ငံ ရှိရင်းစွဲဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာလာစေမည်ဟု မိမိအနေဖြင့် ခိုင်မြဲစွာယုံကြည်ပါသည်။

မြန်မာပြည်သူများ ငြိမ်းချမ်းပျော်ရွှင်သာယာဝပြောပါစေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**
**ဦးဝဏ္ဏမောင်လွင်ထံသို့**
**သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ**
**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အလီ ဆာဘရီ ထံမှ**
**ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

နှစ်နိုင်ငံအကြား လေးနက်ခိုင်မာသည့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တူညီမှုများကို အခြေခံ၍ ကာလရှည်ကြာစွာ တည်ရှိခဲ့သည့် ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တွေ့မြင်ရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ နှစ်နိုင်ငံ အကျိုးအမြတ်ရရှိစေရန်အတွက် ဘုံစိတ်ဝင်စားသည့် နယ်ပယ်များတွင် နီးကပ်စွာ ဆက်နွယ်မှုနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကျယ်ပြန့်လာစေရန်နှင့် တိုးတက်လာစေရန်အတွက် မျှော်လင့်မိပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်း ဖော်ပြလျက် မြန်မာပြည်သူများ အေးချမ်းပျော်ရွှင်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေပေးချေမှုနည်းလမ်းအမျိုးမျိုး အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်သော ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်အား အများပြည်သူများ သိရှိအသုံးပြုမှု များပြားလာစေရေးနှင့် ငွေသားသုံးစွဲမှုလျှော့ချနိုင်ရေး အစဉ်ကြိုးပမ်းလျက်ရှိရာ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကာလအတွင်း အခမ်းအနားကျင်းပရာနေရာများတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးချေနိုင်ရေး ဘဏ်များ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများအား ဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဦးဆောင်မှုဖြင့် အများပြည်သူများ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်ကို တွင်ကျယ်စွာအသုံးပြုလာနိုင်စေရေး နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် (၄-၁-၂၀၂၃) ခုနှစ်မှစတင်ပြီး ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် Nature Link Pay Company Limited (Trusty E-Commerce) နှင့် Zego Pay Company Limited (ZegoMoney) တို့မှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြပွဲများ ကျင်းပရာနေရာတွင်လည်းကောင်း ၊ ရောဝတီဘဏ်လီမိတက် (AYA Pay) နှင့် မြန်မာနိုင်ငံသားများဘဏ် (Citizen Pay) တို့မှ စိန်ဒေါင်းစတိုးတွင်လည်းကောင်း၊ မိုဘိုင်းငွေပေးချေမှုလုပ်ငန်း ဆောင်ရွက်နေသော ကမ္ဘောဇဘဏ်လီမိတက် (KBZPay)၊ ရောဝတီဘဏ်လီမိတက် (AYA Pay)၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (One Pay) ၊ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် (A+Wallet) ၊ မြန်မာနိုင်ငံသားများဘဏ်(Citizen Pay)၊ CB Bank PCL (CB Pay)၊ uab Bank Limited (uab pay)၊ ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (MoMoney)နှင့် Internet Wallet Myanmar Limited (OK$) တို့မှ Junction Center တွင်လည်းကောင်း လက်ဆောင်များပေးခြင်း(Gift Voucher)၊ အရောင်းမြှင့်တင်ခြင်း (Promotion) များ ဆောင်ရွက်ခြင်း၊ အသုံးပြုမှုဆိုင်ရာ အသိပညာပေးခြင်းတို့အား ဆောင်ရွက်လျက်ရှိပြီး (၈-၁-၂၀၂၃) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့် ခေတ်မီပြီး လုံခြုံစိတ်ချရ၍ စွမ်းဆောင်ရည်ပြည့်ဝသော ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်တစ်ရပ် ပိုမိုအသုံးပြုလာနိုင်ပြီး လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

- နိုင်ငံရေးအရ ရည်မှန်းချက်များဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစွာဖြစ်ပေါ်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ရည်မှန်းဆောင်ရွက်လျက်ရှိ
- နိုင်ငံရေးစနစ်အရ ပါတီစုံဒီမိုကရေစီစနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးပုံစံစနစ်အရ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးကို ပေါင်းစပ်ထားသည့် အုပ်ချုပ်မှုပုံစံကို သွားရမည်ဖြစ်၊ တိုင်းရင်းသားအားလုံး၊ ပြည်သူများအားလုံးနှင့် နိုင်ငံသားအားလုံးကလိုလားသည့် အုပ်ချုပ်ရေးစနစ်ပင်ဖြစ်
- အမျိုးသားရေးရည်မှန်းချက်များအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာဖူလုံရေး စသည့်ရည်မှန်းချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

❖ *ရှေ့ဖုံးမှ*

မိမိတို့နိုင်ငံ၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အစိုးရအဖွဲ့၏ ထင်ရှားသောသမိုင်းမှတ်ကျောက် တင်နိုင်ခဲ့သည့် အခမ်းအနားတစ်ခုပင်ဖြစ်ကြောင်း၊ အခက်အခဲပေါင်းများစွာကြားမှ နိုင်ငံတော်ကို ယခုကဲ့သို့သော အခြေအနေသို့ ရောက်ရှိအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ခမ်းနားစွာဖြင့် အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းသည် နိုင်ငံအတွက် သမိုင်းမှတ်ကျောက်တင်နိုင်ခဲ့ခြင်းဖြစ်ပြီး မည်သို့မျှ ဖျောက်ဖျက်၍ ရမည်မဟုတ်ကြောင်းနှင့် ကောင်းမွန်သည့် မှတ်ကျောက်တစ်ခုတင်နိုင်ခဲ့ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးရည်မှန်းချက်နှင့် အမျိုးသားရေး ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိ

မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိသည်မှာ ၇၅ နှစ်တာကာလရှိပြီဖြစ်ပြီး လွတ်လပ်ရေးနေ့ အခမ်းအနားမိန့်ခွန်းတွင်လည်း မိမိတို့နိုင်ငံ၏ သမိုင်းကိုထင်ဟပ်ရန်နှင့် နိုင်ငံ၏အနာဂတ်အတွက် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ပွင့်ပွင့်လင်းလင်းဖြင့် တိုင်းပြည်ကို အသိပေးသကဲ့သို့ ကမ္ဘာကိုလည်း အသိပေးလိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိန့်ခွန်းကို အလေးအနက်ထား လေ့လာကြစေလိုကြောင်း၊ ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများအရ နိုင်ငံရေးအရရည်မှန်းချက်များဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစွာဖြစ်ပေါ်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးစနစ်အရ ပါတီစုံဒီမိုကရေစီစနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးပုံစံစနစ်အရ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးကို ပေါင်းစပ်ထားသည့် အုပ်ချုပ်မှုပုံစံကို သွားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး၊ ပြည်သူများအားလုံးနှင့် နိုင်ငံသားအားလုံးက လိုလားသည့် အုပ်ချုပ်ရေးစနစ်ပင်ဖြစ်ကြောင်း၊ အလားတူ အမျိုးသားရေးရည်မှန်းချက်များအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာဖူလုံရေး စသည့်ရည်မှန်းချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိချိန်မှစ၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများပေါ်ပေါက်ခဲ့ပြီး ဆိုးရွားကြမ်းတမ်းခဲ့သည့် ကာလများ၊ တည်ငြိမ်အေးချမ်းမှု အသင့်အတင့်ရှိခဲ့သည့် ကာလများကို ဖြတ်သန်းခဲ့ရကြောင်း၊ ယနေ့ထက်တိုင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှုမရှိသေးကြောင်း၊ ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးအတွက် မလွဲမသွေလိုအပ်ချက်ဖြစ်ပြီး အဓိကဖြစ်သည့်ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ဦးတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မိမိတို့၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင်လည်း ထည့်သွင်းချမှတ်ဆောင်ရွက်ထားကြောင်း၊ တိုင်းပြည်သာယာဝပြောမည်ဆိုပါက လက်ရှိအခြေအနေထက် အဆပေါင်းများစွာတိုးတက်ရန် အခွင့်အလမ်းရှိသဖြင့် တိုင်းပြည်သာယာဝပြောရေးအတွက် မိမိတို့အနေဖြင့် မဆုတ်မနစ်သောဇွဲ၊ လုံ့လများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိတ်သဘောထားကြီးစွာ၊ စိတ်ရှည်သည်းခံစွာဖြင့် ဆောင်ရွက်ရမည့် ကိစ္စပင်ဖြစ်ကြောင်း။

ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒအတိုင်း ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ အနည်းစု၏ဆန္ဒကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အများ၏ဆန္ဒဆိုတိုင်း လူနည်းစု၏ဆန္ဒကို ပစ်ပယ်၍ ပြုမူလုပ်ဆောင်ခဲ့မှုများကြောင့် မိမိတို့နိုင်ငံတွင် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး စည်းလုံးညီညွတ်မှုများ ပျက်ပြားခဲ့သည်ကို သမိုင်းဖြစ်ရပ်များကဖော်ပြနေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်ကို မှန်ကန်စွာ သိရှိနားလည်ပြီး ဆောင်ရွက်ကြရန်လိုကြောင်း။

အလားတူ ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်နှင့်ပတ်သက်၍လည်း သက်ဆိုင်ရာအဆင့်အလိုက်၊ ဒေသအလိုက် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးအပါအဝင် စီမံခန့်ခွဲမှုများ အားလုံးကိုမျှတစွာဖြင့် အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအားလုံး တစ်ပြေးညီ ခံစားခွင့်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဥပဒေများရေးဆွဲပြီးဆောင်ရွက်နိုင်ရန် မူအားဖြင့် သဘောတူပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ အဓိကပင်မဥပဒေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေတည်၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်အတွင်းမှဆောင်ရွက်နိုင်ရန် အခြေအနေများပေးခဲ့ကြောင်း၊ အဆိုပါ လုပ်ပိုင်ခွင့်များကို အသုံးချနိုင်ခဲ့သဖြင့် အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဆောလျင်စွာ တည်ငြိမ်မှုများရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

◆ **ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒအတိုင်း ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ အနည်းစု၏ ဆန္ဒကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်၊ အများ၏ဆန္ဒဆိုတိုင်း လူနည်းစု၏ဆန္ဒကို ပစ်ပယ်၍ ပြုမူလုပ်ဆောင်ခဲ့မှုများကြောင့် မိမိတို့နိုင်ငံတွင် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး စည်းလုံးညီညွတ်မှုများ ပျက်ပြားခဲ့သည်ကို သမိုင်းဖြစ်ရပ်များကဖော်ပြနေ၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်ကို မှန်ကန်စွာ သိရှိနားလည်ပြီး ဆောင်ရွက်ကြရန်လို**

## နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

မိမိတို့နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ တပ်မတော်အစိုးရ လက်ထက်ကတည်းက ဈေးကွက်စီးပွားရေးစနစ်ကို လမ်းခင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် ဒီမိုကရေစီစနစ် စတင်လျှောက်လှမ်းချိန်၌လည်း ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ကျင့်သုံးခဲ့ရာ အစိုးရပထမ သက်တမ်းငါးနှစ်အတွင်း နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၈ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်း၊ ဒုတိယအစိုးရသက်တမ်းတွင် ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ထိုသို့ စီးပွားရေးကျဆင်းခဲ့မှုများကို စီးပွားရေးကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့် လေ့လာရန်လိုကြောင်း၊ စီးပွားရေးကျဆင်းခဲ့မှုများမှာ ပြည်ပ၏အကူအညီ အထောက်အပံ့များကို မှီခိုမှုများပြားခြင်းနှင့် ပြည်တွင်းစီးပွားရေးကို အားပေးမှုမရှိခြင်း၊ စီမံခန့်ခွဲမှုအားနည်းချက်များ ရှိခြင်းကြောင့် စီးပွားရေးကျဆင်းခဲ့သည်ဟု ယူဆကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်တွင် ယခင်အစိုးရလက်ထက်မှ စီးပွားရေးကျဆင်းခဲ့မှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ကမ္ဘာ့စီးပွားရေးကျဆင်းခဲ့မှုများကြောင့် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ သို့သော်မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ရာ ၂၀၂၁-၂၀၂၂ ခုနှစ် ပထမ ၆ လတာကာလအတွင်း အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ၈ ရာခိုင်နှုန်းခန့် ပြန်လည်တိုးတက်လာခြင်းဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ် ဒုတိယ ၆ လတာကာလတွင် ၃ ဒသမ ၄ ရာခိုင်နှုန်းအထိပြန်လည်တိုးတက်လာကြောင်း၊ ထိုသို့ တိုးတက်လာခြင်းမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်း၌ရှိသည့် ရေသယံဇာတ၊ မြေသယံဇာတများ၊ လယ်ယာ၊ သားငါးကဏ္ဍများ၊ သစ်တောကဏ္ဍများ၊ လူသားအရင်းအမြစ်များ၏ ဆောင်ရွက်နိုင်မှုများကို အသုံးချနိုင်မှုကြောင့် နိုင်ငံစီးပွားရေးတိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အဆိုပါအတွေ့အကြုံများကိုယူ၍ ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့နိုင်ငံ၏ စီးပွားရေးသည် ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

## နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် နိုင်ငံရေးရည်မှန်းချက်

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့ကြောင်း၊ ပထမဆုံးအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ချိန်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မပါရှိခဲ့ကြောင်း၊ သို့သော်လည်း ဒီမိုကရေစီပထမအစိုးရအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို နိုင်ငံရေးလမ်းကြောင်းပေါ်သို့ ပါဝင်လျှောက်လှမ်းနိုင်ရေးအတွက် အချို့သော ရွေးကောက်ပွဲစည်းမျဉ်း၊ ဥပဒေများကို သဘောထားကြီးမားစွာဖြင့် လျှော့ပေါ့ပြင်ဆင်ပေးခဲ့သဖြင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှစ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် နိုင်ငံရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုသံသယဖြစ်ဖွယ်များစွာ တွေ့ရှိရသဖြင့် မဲစာရင်းရလဒ်များကို စစ်ဆေးဆောင်ရွက်ခဲ့ရာ မဲစာရင်း မှားယွင်းမှုများစွာကို တွေ့ရှိရကြောင်း။

တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်းကို မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းကပင် ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပြီး ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ကိုလည်း ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်ကို ပြောကြားခဲ့ပြီး ပြင်ဆင်သင့်ပြင်ဆင်ထိုက်သည်များကို ပြင်ဆင်ရန်လည်း တပ်မတော်မှ သဘောတူပြီး ဖြစ်ကြောင်း၊ သို့သော်လည်း ထိုသို့ပြင်ဆင်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်လိုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့တွင် အချုပ်အခြာအာဏာသည် ပြည်သူကဆင်းသက်လာသည့် အချုပ်အခြာအာဏာဖြစ်ကြောင်း၊ တိုင်းပြည်၏ အချုပ်အခြာအာဏာမခိုင်မြဲသည့် ကာလပတ်လုံး ပြည်တွင်း၊ ပြည်ပ ပဋိပက္ခများ ဖြစ်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို မိမိတို့၏ အမျိုးသားရေးဦးတည်ချက်၊ ရပ်တည်ချက်အဖြစ် ဦးထိပ်ပန်ဆင်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း အဆိုပါအချက် သုံးချက်ကိုပင် အဓိကထား၍ ရေးဆွဲထားခြင်းဖြစ်သည်ကို သေချာစွာ လေ့လာဖတ်ရှုမည်ဆိုပါက တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးဆဲ အခြေအနေကို အညွှန့်ချိုးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ သမိုင်းတွင်လည်း အဆိုပါရွေးကောက်ပွဲ မဲမသမာမှုသည် အမည်းစက်တစ်ခုအဖြစ် ကျန်ခဲ့ပြီဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေအနေမျိုး ထပ်မံဖြစ်ပွားမှုမရှိစေရေး ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ကို မဖြစ်မနေ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်ကို ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိအောင် မိမိတို့အနေဖြင့် ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ပုံမှန်အခြေအနေဟုဆိုရာတွင် ၂၀၁၁ ခုနှစ် နိုင်ငံတော်၏ပုံမှန်အခြေအနေ၊ ၂၀၁၆ ခုနှစ်

*စာမျက်နှာ ၄ သို့*

**❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်တွင် ယခင်အစိုးရလက်ထက်မှ စီးပွားရေးကျဆင်းခဲ့မှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ကမ္ဘာ့စီးပွားရေးကျဆင်းခဲ့မှုများကြောင့် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့၊ သို့သော် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ရာ ၂၀၂၁-၂၀၂၂ ခုနှစ် ပထမ ၆ လတာကာလအတွင်း အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ၈ ရာခိုင်နှုန်းခန့် ပြန်လည်တိုးတက်လာခြင်းဖြစ်၊ ၂၀၂၁-၂၀၂၂ ခုနှစ် ဒုတိယ ၆ လတာ ကာလတွင် ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ပြန်လည်တိုးတက်လာ**

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်၏ ပုံမှန်အခြေအနေများနှင့် ယင်းအခြေအနေများထက် မနိမ့်သည့်အဆင့်နှင့် ဖြစ်နိုင်ပါကသာလွန်သည့် တိုင်းပြည်၏ အခြေအနေကိုဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် နိုင်ငံတော်ကို အာမခံချက်ပေးနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအနေဖြင့် မလျှော့သော ဇွဲလုံ့လဖြင့်ရရှိသည့် ကာလအတွင်းကြိုးစား၍ တိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ ယခင်ကလည်း ပြောကြားခဲ့ကြောင်း၊ မဲစာရင်းများသည် အကြိမ်ကြိမ်ပြောင်းလဲလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပြီး နောက်ဆုံးမဲစာရင်းသည် ၃၈ သန်းနှင့် ၂ သိန်း ၇ သောင်းဟူ၍ ထွက်လာခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် မဲစာရင်းအပေါ် မူတည်ပြီး တွက်ချက်ကြည့်မည်ဆိုပါက မိမိတို့ နိုင်ငံ၏ လူဦးရေနှင့် ၂၀၂၀ ပြည့်နှစ်တွင် တိုးတက်လာသည့် လူဦးရေတိုးတက်မှုနှုန်းမှာ ဖြစ်နိုင်ဖွယ်ရာ အနေအထားတွင်မရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် ပျမ်းမျှအားဖြင့် ဒသမ ၈၅ ခန့်သာရှိသည့်အတွက် လူဦးရေတိုးတက်မှုနှုန်းသည် မည်သို့မျှဖြစ်နိုင်ဖွယ်မရှိသည်ကို တွေ့ရှိရကြောင်း။

မိမိတို့စတင်တာဝန်ယူစဉ် နေပြည်တော်စည်ပင်ရိပ်သာရှိ လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်ရှိသူများက သွားရောက်တွေ့ဆုံခဲ့ပြီး တရားဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းရန် ရှင်းလင်းပြောဆိုခဲ့ကြောင်း၊ သို့သော်လည်း ၎င်းတို့အနေဖြင့် တရားဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်မှုလမ်းစဉ်ကို ရွေးချယ်ခဲ့ခြင်းမှာလည်း ကြီးမားသည့် မှားယွင်းသည့် အမည်းစက်တစ်ခုပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီတွင် တရားဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဲမသမာမှု ဆောင်ရွက်ခဲ့သည့် အမည်းစက်တစ်ခုဖြစ်ပေါ်ခဲ့သည့်အပြင် ဒီမိုကရေစီတွင် ဥပဒေနှင့် ရင်ဆိုင်ဖြေရှင်းရမည်ကို ဥပဒေပြင်ပမှဆောင်ရွက်ခဲ့ခြင်းကြောင့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပေါ်လာခဲ့ပြီး မိမိတို့အနေဖြင့် တရားဥပဒေနှင့်အညီဖြစ်အောင် တတ်နိုင်သရွေ့ ထိန်းထိန်းသိမ်းသိမ်း ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့သော ဖြစ်စဉ်ဖြစ်ရပ်များအပေါ် တာဝန်ရှိသူများ၊ ဝန်ကြီးချုပ်များအနေဖြင့် သိရှိနိုင်ရန်၊ စဉ်းစားဆင်ခြင်နိုင်ရန်၊ သင်ခန်းစာရယူနိုင်ရန်နှင့် ဖော်ထုတ်ချက်များကို သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း။

တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ဦးစီးအဖွဲ့ ဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများအနေဖြင့်လည်း မိမိတို့၏ လုပ်ဆောင်ချက်များကို တင်ပြရာတွင် ထိထိမိမိဖြင့် တင်ပြစေလိုပြီး မိမိတို့ဒေသ၏ အကျိုး၊ တိုင်းပြည်၏အကျိုးကို ဦးတည်၍ ဆောင်ရွက်ရန်လိုအပ်သည်များကို တင်ပြဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက် ဆောင်ရွက်ပြီးစီးမှု၊ အသေး




ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရှင်းလင်းတင်ပြစဉ်။

စား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအားပေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသအလိုက် ဝမ်းစာဖူလုံမှုရှိစေရေး စိုက်ပျိုးထုတ်လုပ်နေမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နေမှု၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများဖြင့် မြစ်ရေတင်စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားမြှင့်တင်ရေး စိုက်ပျိုးရေးချေးငွေများထုတ်ချေးပေးမှု၊ နိုင်ငံ့ဘဏ္ဍာငွေများကို စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသုံးစွဲရန်နှင့် စိစစ်ကြပ်မတ်ရန် လိုအပ်မှု၊ လျှပ်စစ်ဓာတ်အားများ ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ မဲစာရင်းမှန်ကန်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်မှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ ကုန်သွယ်မှုတွင် သွင်းကုန်ပို့ကုန်များ တိုးတက်လာမှုနှင့် ပဲမျိုးစုံတင်ပို့မှုကို ဆက်လက်တင်ပို့နိုင်သဖြင့် ပဲစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ ဥပဒေရေးရာကိစ္စရပ်များ၊ မော်တော်ယာဉ်များ၏ နံပါတ်ပြားများ လဲလှယ်နိုင်ရေးဆောင်ရွက်ရန်လိုအပ်မှု၊ ပညာရေးဝန်ထမ်းများ လိုအပ်ချက်ရှိပါက ထပ်မံခန့်အပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် လုပ်ငန်းလမ်းညွှန်များကို စက်မှုဝန်ကြီးဌာနမှ ပြုစုထားသည့် အင်တာနက်စာမျက်နှာများတွင် အချိန်မရွေး ကြည့်ရှုလေ့လာနိုင်မှု၊ နယ်စပ်ဒေသများနှင့် နယ်စပ်ဝင်ပေါက်နေရာများမှ ကိုဗစ် – ၁၉ ကူးစက်မှုများ ဝင်ရောက်လာနိုင်သဖြင့် နယ်စပ်ဒေသမှ ဝင်ရောက်မှုများကို စနစ်တကျထိန်းချုပ်ဆောင်ရွက်ပေးရန် လိုအပ်မှု၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှု၊ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းကိုဆောင်ရွက်ရာတွင် ဥပဒေအတိုင်း ဆောင်ရွက်ရန်လိုအပ်မှုတို့ကို ရှင်းလင်းတင်ပြကြပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက နိုင်ငံတော်အတွင်း အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသည့် NUG နှင့် CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အချို့သောလက်နက်ကိုင်အဖွဲ့များက နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးမှု၊ အပြစ်မဲ့သံဃာတော်များ၊ ပြည်သူများနှင့် ဝန်ထမ်းများကို အကြောင်းမဲ့သတ်ဖြတ်ခဲ့မှု နှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## KG + 9 ကို နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေး ရည်မှန်းချက်အဖြစ်ထားရှိ

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာတွင် ကားမှတ်ပုံတင်နံပါတ်ပြားများလဲလှယ်ခြင်းသည် လုံခြုံရေးကိစ္စရပ်များနှင့် သက်ဆိုင်သဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန် လိုကြောင်း၊ အလားတူ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ လိုက်နာမှုအားနည်းနေသည်ကိုလည်း တွေ့ရှိရကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ KG + 9 ကို နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ်ထားရှိကြောင်း၊ ကိုယ်ပိုင်ကျောင်းများနှင့်ပတ်သက်၍ အဆိုပါကျောင်းများသည် ပညာရေးဝန်ကြီးဌာန၊ MIC နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မည်သည့်ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်သည်ဖြစ်စေ မိမိတို့နိုင်ငံ၏ စည်းကမ်းသတ်မှတ်ချက်များ၊ ယဉ်ကျေးမှုများကို အလေးထားလိုက်နာရန်လိုကြောင်း၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းများဆောင်ရွက်ရာတွင် စနစ်တကျဖြင့် အဆင့်ဆင့်စိစစ်ဆောင်ရွက်ရန်လိုကြောင်း။

အချို့သောဒေသများတွင် နွေရာသီ၌ သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း၊ မိုးရေကိုထိန်းသိမ်း၍ ဆောင်ရွက်နိုင်ကြောင်း၊ အချို့သောဒေသများတွင် မိုးရေကိုခံယူ၍ တစ်နှစ်ပတ်လုံးသုံးစွဲကြသည်ကို တွေ့ရှိရကြောင်း၊ ရေရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့အစီအစဉ်ဖြင့် ဆောင်ရွက်၍ရသည်များကိုလည်း ဆောင်ရွက်ကြစေလိုကြောင်း၊ စားရေရိက္ခာလုံလောက်စွာရရှိရေးအတွက် ဝန်ကြီးချုပ်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုပြီး စိုက်ပျိုးရေများကိုလည်း အကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ စိုက်ပျိုးရေးအတွက် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင် တစ်ဧကအထွက်နှုန်းတိုးတက်စေရန် ဆောင်ရွက်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

စက်သုံးဆီဈေးများမှာ မြင့်တက်လျက်ရှိပြီး မိမိတို့အနေဖြင့် နှစ်စဉ်စက်သုံးဆီများ များစွာတင်သွင်းနေရကြောင်း၊ ထို့ကြောင့်စက်သုံးဆီသုံးစွဲမှုများကို လျှော့ချရန်နှင့် Public Transportation ကို ဦးစားပေးသုံးစွဲကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လျှပ်စစ်ဓာတ်အားများထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးအတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများဖြင့် အသုံးပြု၍ဆောင်ရွက်ကြစေလိုကြောင်း။

အားကစားရုံနှင့် အားကစားကွင်းများ တည်ဆောက်ရာတွင် အရှည်ကိုမျှော်တွေး၍ ဆောင်ရွက်ကြစေလိုကြောင်း၊ အဆင့်မီသည့် အားကစားရုံများဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လူဦးရေကို မျှော်တွေး၍ ဆောင်ရွက်ကြစေလိုပြီး ဝန်ကြီးချုပ်များအနေဖြင့် စနစ်တကျဆောင်ရွက်ကြစေလိုကြောင်း။

စားရေးသည် လူသားတိုင်းအတွက် အရေးကြီးကြောင်း၊ ထို့ကြောင့်စားရေးအတွက် လိုအပ်ချက်ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် ဆန်နှင့် အသား၊ ငါးများ ဖူလုံရန်အတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို လုံလောက်စွာထုတ်လုပ်နိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့

*စာမျက်နှာ ၅ သို့*

**✻ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် ပြည်တွင်းထုတ်ကုန်များကို ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်ဖွံ့ဖြိုးမှုများကို များစွာအထောက်အကူပြုလာမည်၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်ပြီး ယင်းမှတစ်ဆင့် ပြည်တွင်းထုတ်ကုန်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့လာနိုင်မည်ဖြစ်**

**✻ ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပမှသွင်းကုန်များကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်**

# မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူမည်ဆိုပါက ပြည်တွင်းစားသုံးမှုကို အထောက်အကူပြုနိုင်မည် နိုင်ငံ၏ GDP တိုးတက်ရေးအတွက် နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်တင်နိုင်မှုနှင့် ပို့ကုန်အဆင့်မြှင့်တင်နိုင်ရန်လို

*စာမျက်နှာ ၄ မှ*
နိုင်ငံသားအားလုံး စားရေရိက္ခာဖူလုံစွာဖြင့် စားသုံးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဒေသအလိုက် ဆန်နှင့် အသား၊ ငါးများ ဖူလုံမှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပြီး ပြည်သူများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

### MSME လုပ်ငန်းသည် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့တွင် လုပ်နိုင်ကိုင်နိုင်သူများကိုသာ ခန့်အပ်ထားခြင်းဖြစ်သည့်အတွက် အခက်အခဲအကျပ်အတည်းများစွာကို ကျော်ဖြတ်၍ အောင်မြင်စွာ တာဝန်ထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်ရှိသည့်ကာလကိုလည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်တွေ့ဆုံ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အများဆုံးလုပ်ကိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် ပြည်တွင်းထုတ်ကုန်များကို ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်ဖွံ့ဖြိုးမှုများကို များစွာအထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်ပြီး ယင်းမှတစ်ဆင့် ပြည်တွင်းထုတ်ကုန်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့လာနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပမှသွင်းကုန်များကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

❋ **ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို သင်ခန်းစာယူပြီး မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်ရမည်**

❋ **၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် မဲစာရင်းသည် ၂၀၁၄ ခုနှစ်တွင် ကောက်ယူရရှိခဲ့သည့် သန်းခေါင်စာရင်းအပေါ်တွင် မူတည်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် စာရင်းဇယားတိကျမှုရှိ၊ လာမည့်ရွေးကောက်ပွဲတွင်လည်း စာရင်းဇယားမှန်ကန်စေရေးသည် အဓိကဖြစ်**

❋ **ထို့ကြောင့် စာရင်းဇယားများ မှန်ကန်မှုရှိစေရေး ယခုအချိန်ကတည်းကပင် ဆောင်ရွက်ရမည်၊ လိုအပ်ပါက ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူ၍ စာရင်းဇယားများ တိကျမှန်ကန်မှုရှိစေရန် ဆောင်ရွက်သွားရမည်ဖြစ်**

မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူမည်ဆိုပါက ပြည်တွင်းစားသုံးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များကိုလည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေသြဇာများကိုလည်း ရရှိစေမည်ဖြစ်သကဲ့သို့ MSME လုပ်ငန်းများကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ပြီး ဝင်ငွေများရရှိမည်ဖြစ်ကာ ဒေသတွင်းနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူပြုစေမည်ဖြစ်၍ ဒေသအလိုက် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း။

### တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်နိုင်ရန်လို

ရေသုံးစွဲမှုနှင့်ပတ်သက်၍ အဖိုးတန်ရေချိုကို ချွေတာသုံးစွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရေကို အကျိုးရှိရှိဖြင့် လိုအပ်သည့် ပမာဏကိုသာ အသုံးချရန်လိုကြောင်း၊ ရေနှင့်ပတ်သက်၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သစ်ပင်၊ သစ်တောရှိရမည့်နေရာတွင် သစ်ပင်ရှိစေရေး သက်ဆိုင်ရာဒေသနှင့် ဝန်ကြီးဌာနများက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးသည်လည်း အရေးကြီးကြောင်း၊ တစ်ဦးချင်း၏ တစ်ကိုယ်ရေသန့်ရှင်းမှု၊ သပ်ရပ်စွာ ဝတ်စားဆင်ယင်တတ်မှုမှသည် မိမိမြို့နယ်၊ မိမိဒေသ၊ မိမိတိုင်းပြည် တစ်ခုလုံးအထိ သန့်ရှင်းသာယာလှပနေရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်မှုသည် နိုင်ငံ၏ဂုဏ်သိက္ခာနှင့် စည်းကမ်းစနစ်တကျရှိမှုတို့ကို ပြသနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းပြည်သာယာလှပပြီး ပို့ဆောင်ဆက်သွယ်ရေး၊ အစားအသောက်များ အားလုံးကောင်းမွန်နေမည်ဆိုပါက ခရီးသွားလုပ်ငန်းသည်လည်း တိုးတက်လာပြီး အခြေခံလူတန်းစားများ၏ ဝင်ငွေများတိုးတက်လာကာ ထိုမှတစ်ဆင့် နိုင်ငံ့ဝင်ငွေသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ GDP တိုးတက်ရေးအတွက် နိုင်ငံ၏ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်မှုနှင့် ပို့ကုန်အဆင့်မြှင့်တင်နိုင်ရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကိုလည်း တိုက်ဖျက်နိုင်ရန်လိုကြောင်း။

### စာရင်းဇယားများ မှန်ကန်မှုရှိစေရေး ယခုအချိန်ကတည်းကပင် ဆောင်ရွက်ရမည်ဖြစ်

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို သင်ခန်းစာယူပြီး မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် မဲစာရင်းသည် ၂၀၁၄ ခုနှစ်တွင် ကောက်ယူရရှိခဲ့သည့် သန်းခေါင်စာရင်းအပေါ်တွင် မူတည်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် စာရင်းဇယားတိကျမှုရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင်လည်း စာရင်းဇယား မှန်ကန်စေရေးသည် အဓိကဖြစ်ကြောင်း၊ ထို့ကြောင့် စာရင်းဇယားများ မှန်ကန်မှုရှိစေရေး ယခုအချိန်ကတည်းကပင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူ၍ စာရင်းဇယားများတိကျမှန်ကန်မှုရှိစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲကျင်းပချိန်တွင် **မဲပေးခြင်း မပေးခြင်းသည် လူတစ်ဦးချင်း၏ ဆန္ဒဖြစ်ပြီး လူတိုင်းမဲပေးနိုင်အောင် ပြုလုပ်ပေးခြင်းသည် အစိုးရ၏တာဝန်ပင်ဖြစ်**ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မိန့်ခွန်းတွင် ပြောကြားခဲ့သည့်အတိုင်း ပြည်သူများအနေဖြင့် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ ဖိအားပေးမှုကင်းရှင်းစွာဖြင့် တစ်ဦးချင်း၏ ဆန္ဒကို ဖော်ထုတ်မဲပေးနိုင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မဲစာရင်းများတိကျမှန်ကန်ရေး၊ လူတိုင်းမဲပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

ယင်းကိစ္စများဆောင်ရွက်နိုင်ရန် ကျန်ရှိသည့်အချိန်တွင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်ပေါ်လာသည့် အခြေအနေနှင့် တိုးတက်မှုများအပေါ် မူတည်၍ ရွေးကောက်ပွဲကိစ္စကို ထပ်မံသုံးသပ်ရမည်ဖြစ်သဖြင့် စနစ်တကျ အားထည့်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပန်းတောင်းမြို့နယ်အတွင်း အိမ်ထောင်စုစာရင်းနှင့် လူဦးရေစာရင်းများ မှန်ကန်စေရန် ဆွေးနွေး

**ပန်းတောင်း ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ အိမ်ထောင်စုစာရင်းများနှင့် လူဦးရေစာရင်းများ စနစ်တကျ မှန်ကန်စေရေးအတွက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်မင်းဦးဆောင်သောအဖွဲ့သည် ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးမှူးရုံး၌ ဝန်ထမ်းများနှင့် ဇန်နဝါရီ ၅ ရက်က တွေ့ဆုံဆွေးနွေးသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ပြည်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအား တွေ့ဆုံ၍ ၂၀၂၃ တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် ရပ်/ကျေး အလိုက် အိမ်ထောင်စုစာရင်းများနှင့် လူဦးရေစာရင်း ကောက်ယူပြီးစီးပါက စနစ်တကျပြုစုပြီး မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် ဌာနဆိုင်ရာများပူးပေါင်းပြီး စနစ်တကျ ဆောင်ရွက်ကြရန်၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲမတိုင်မီကာလအတွင်း မြို့နယ်လဝက ဦးစီးမှူးရုံး၌ အဝင် အထွက် စစ်ဆေးမှုများပြုလုပ်ရန်၊ CCTV ကင်မရာများတပ်ဆင်ထားရန်၊ ဝန်ထမ်းများ၏ လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန် စသည်တို့ကို မှာကြားခဲ့သည်။



**သင်းသင်းအေး(ပြန်/ဆက်)**



## နတ်မောက်မြို့နယ်၌ မွေးစမှတစ်နှစ်ခွဲကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံ

**နတ်မောက် ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ မွေးစမှတစ်နှစ်ခွဲအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဦးစီးဌာန၌ ထိုးနှံပေးသည်။

အဆိုပါ မွေးကင်းစမှ တစ်နှစ်ခွဲအရွယ်ကလေးငယ်များကို မြို့နယ်ကျန်းမာရေးဆရာမများက ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ကာကွယ်ဆေး၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပိုလီယို၊ ဘီစီဂျီ၊ ဝက်သက်၊ ဂျိုက်သိုး စသည့်ကာကွယ်ဆေးများကို မြို့ပေါ် ခုနစ်ရပ်ကွက်ရှိ ကလေးမိခင်များက လာရောက်ထိုးနှံလျက်ရှိရာ ကျန်းမာရေးဆရာမများကလည်း လာရောက်ထိုးနှံကြသည့် ကလေးမိခင်များကို မွေးစတွင် မထိုးနှံနိုင်ပါက အသက်နှစ်လမတိုင်မီ (သို့မဟုတ်) အသက် နှစ်လတွင် အခြားကာကွယ်ဆေးများနှင့်အတူ ထိုးနှံနိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

**လှဝင်း**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) နှင့် ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနၧ ကျင်းပသည်။ **(ယာပုံ)**



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် နှင့် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSP) မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဒုတိယနေ့ ဆွေးနွေးပွဲတွင် ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့်ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အထွေထွေကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ၂ရက်တာ ဆွေးနွေးညှိနှိုင်းမှုများမှ နှစ်ဖက် သဘောထားများကို သဘောတူညီ လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့ပြီး တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ရပ်နားခဲ့သည်။

တတိယနေ့ ဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက် တူညီသည့် သဘောထားများကို သဘောတူညီချက်များအဖြစ် လက်မှတ် ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ဘဏ်လုပ်ငန်းနှင့် ငွေပေးချေမှုစနစ်ဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သော အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌတို့က နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် ထိုင်းဘတ်/မြန်မာကျပ် တိုက်ရိုက်ငွေပေးချေမှုအခြေအနေ၊ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများမှ ငွေလွှဲပို့မှုဆိုင်ရာများ၊ နိုင်ငံခြားသုံးငွေကိစ္စရပ်များနှင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ဘဏ်လုပ်ငန်းနှင့် ငွေပေးချေမှုစနစ်ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ကိုးမျိုးနှင့် ပတ်သက်၍ အသိပညာပေးဟောပြော

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေး အောင်မြေသာစံမြို့နယ် ပြန်လည်ထူထောင်ရေးဦးစီးဌာနလက်အောက်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး) အစည်းအဝေးခန်းမ၌ သဘာဝဘေးအန္တရာယ်ကိုးမျိုးနှင့်ပတ်သက်သော အသိပညာပေးဟောပြောပွဲကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၅ ရက်တွင် ပြုလုပ်သည်။

ဟောပြောပွဲတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇာမွန်ဦးက သဘာဝဘေးအန္တရာယ် ကိုးမျိုးဖြစ်သော မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ လေပြင်းဘေး၊ မိုးကြိုးဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေးနှင့် မိုးခေါင်ရေရှားဘေး စသည်တို့နှင့် ပတ်သက်၍ သိကောင်းစရာများကို ဟောပြောခဲ့ပြီးနောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝါဝါကြွယ်တို့က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ (၀၁၂)



# ကယားပြည်နယ်အတွင်း စားသုံးသူများ၏အခွင့်အရေးကို ကာကွယ်ပေးလျက်ရှိ

**လွိုင်ကော် ဇန်နဝါရီ ၆**

ကယားပြည်နယ် စားသုံးသူရေးရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) ကို လွိုင်ကော်မြို့ရှိ ပြည်နယ်စားသုံးသူရေးရာ ကော်မတီရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၅ ရက်က ပြုလုပ်သည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်နယ်စားသုံးသူရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကြာမြင့်က မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်းစုံမှ တရားမဝင် ဝင်ရောက်လာသည့် ကုန်ပစ္စည်းအတု၊ ဆေးဝါးအတု၊ စားသောက်ကုန်အတု၊ လူသုံးကုန်အတုတို့နှင့် ရင်ဆိုင်နေရပြီး အရည်အသွေးမပြည့်မီသည့် ဝန်ဆောင်မှုများကြောင့် စားသုံးသူပြည်သူများအနေဖြင့် အဘက်ဘက်မှ ဆုံးရှုံးနစ်နာမှုများစွာ ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် စားသုံးသူများပါဝင်သော လူ့အဖွဲ့အစည်းတွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် စားသုံးသူနစ်နာဆုံးရှုံးမှုများ ကာကွယ်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်း စားသုံးသူပြည်သူများ၏ ကျန်းမာရေး၊ စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန်အတွက် စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်အောင်က (၁/၂၀၂၂) အစည်းအဝေးတွင် တင်ပြသည့် အမှာစာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

**ကိုဇင်(လွိုင်ကော်)**

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ကြုံတွေ့လျက်ရှိသည့် အခက်အခဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများ ညှိနှိုင်းဆောင်ရွက်သွားမည်



**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးသိန်းညွန့် ဦးဆောင်၍ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ အကျိုးကာကွယ် စောင့်ရှောက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန သံလွင်ခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အဆိုပါ အစည်းအဝေးသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချစ်ဆွေနှင့် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်ရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စု ဝန်ကြီးများနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ရွှေ့ပြောင်းအလုပ်သမားများ တရားဝင် နေထိုင် အလုပ်လုပ်ကိုင်နိုင်ရေး၊ သာမန်မြန်မာနိုင်ငံကူး လက်မှတ် သက်တမ်းတိုးပေးနေမှုနှင့် အသစ်ထုတ်ပေးနိုင်ရေး၊ အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများအတွက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ကြုံတွေ့လျက်ရှိသည့် အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ကာလတို/ကာလရှည် စီမံချက်များဖြင့် သာမန် မြန်မာနိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးပေးနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ပိုမို ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းစေရေး ကဏ္ဍပေါင်းစုံမှ ထိရောက်စွာ ဆောင်ရွက်သွားရန် ကိစ္စရပ်များနှင့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ အလားတူ သာမန်မြန်မာနိုင်ငံကူးလက်မှတ်များ အချိန်မီသက်တမ်းတိုးပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများပါဝင်သည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၆**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ပါဝင် ဆောင်ရွက်ခဲ့ကြသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ စစ်ရေးပြတပ်ခွဲ၊ ဂုဏ်ပြုယာဉ်၊ အထိမ်းအမှတ် ပြခန်းနှင့် အားကစားပြိုင်ပွဲများတွင် တက်ကြွစွာ ပါဝင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုသည့်အနေဖြင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများနှင့် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့သည် ကြုံတောင့်ကြုံခဲ နေ့ထူးနေ့မြတ်ဖြစ်ပြီး ဂုဏ်ပြုအခမ်းအနားတွင် ပါဝင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဘဝတစ်သက်တာတွင် ဂုဏ်ယူဖွယ်အဖြစ် ကျန်ရစ်နေမည်ဖြစ်ပါကြောင်း၊ ဂုဏ်ပြုအခမ်းအနားတွင် မိမိတို့ဝန်ကြီးဌာန ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ဂုဏ်ပြုယာဉ်၊ အထိမ်းအမှတ်ပြခန်းနှင့် အားကစားပြိုင်ပွဲများတွင် ပါဝင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စည်းကမ်းရှိရှိ စနစ်တကျ ညီညီညွတ်ညွတ် တက်တက်ကြွကြွဖြင့် ဆောင်ရွက်နိုင်မှုကြောင့် မိမိတို့ဝန်ကြီးဌာန၏ ပုံရိပ်ကိုများစွာ မြှင့်တင်ပေးနိုင်ခဲ့သဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ဂုဏ်ပြုအခမ်းအနားတွင် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့သည့် အထောက်အကူပြုအဖွဲ့များမှ ဝန်ထမ်းများကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဖွဲ့အစည်းများဖြင့် ပူးပေါင်း ပါဝင် ဆောင်ရွက်ရာတွင်ရရှိသည့် အလေ့အကျင့် ကောင်းများ၊ အတွေ့အကြုံကောင်းများကို ရယူဆုပ်ကိုင်၍ နိုင်ငံတော်၏ ယန္တရားများ ပိုမိုကောင်းမွန်စွာ အရှိန်အဟုန်မြှင့်တင် လည်ပတ်နိုင်ရေးအတွက် အားသွန်ခွန်စိုက်ဆထက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က စစ်ရေးပြတပ်ခွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို လည်းကောင်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ဗိုလ်ချုပ် ဖြိုးသန့်တို့က ဂုဏ်ပြုယာဉ်နှင့် အထိမ်းအမှတ်ပြခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို လည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ ထို့နောက် ဂုဏ်ပြုဆုချီးမြှင့်ခံရသည့် ဝန်ထမ်းများကိုယ်စား ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ဂုဏ်ပြုယာဉ်တွင် ပါဝင်ကပြခဲ့ကြသည့် ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ပြိုင်ပွဲဝင်အကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဘိမ်းမြို့၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး(၅)ကြောင်းနှင့် ဒေသခံပြည်သူများတွေ့ဆုံ



**မဘိမ်း ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့၌ မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် မြို့နယ်တွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး (၅) ကြောင်းနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက တိုက်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟိန်းသူဝင်း၊ အဖွဲ့ဝင် ဦးတင့်ဝေနှင့် အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူး ဇာနည်မောင်တို့ဦးဆောင်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တိုက်ကုန်းရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံသားတိုင်း နိုင်ငံသားကတ်များ ကွင်းဆင်းပြုလုပ်ပေးနေမှုအခြေအနေများနှင့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများက ရပ်ကွက်အတွင်း လိုအပ်ချက်များအား ပြန်လည်တင်ပြဆွေးနွေးကြရာ တင်ပြချက်များအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟိန်းသူဝင်းက ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်း (ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုယာဉ်များ၊ ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများ တတိယနေ့ ဆက်လက်ခင်းကျင်းပြသ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသဖြင့် အထူးစည်ကား

**နေပြည်တော် ဇန်နဝါရီ ၆**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများအား တတိယနေ့အဖြစ် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများစိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားလျက်ရှိသည်။



ဂုဏ်ပြုယာဉ်များကို ပြည်သူများ ကြည့်ရှုလေ့လာစဉ်။

**နွေးထွေးစွာကြိုဆို**

ပြပွဲတတိယနေ့တွင် တပေါင်းကွင်းသို့ လာရောက်ကြသည့် ပြည်သူများကို သတ်မှတ်နေရာများအလိုက် နေရာယူထားကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက နွေးထွေးစွာ ကြိုဆိုကြပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များနှင့် ဝန်ကြီးဌာနများအလိုက် ဂုဏ်ပြုယာဉ်များမှ တာဝန်ရှိသူများက ယာဉ်ပေါ်၌ ပြသထားသည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ အထင်ကရနေရာများ၊ ထင်ပေါ်ကျော်ကြားသည့် ခေါင်းဆောင်များ၏ ရုပ်တုများ၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို နွေးထွေးပျူငှာစွာ လိုက်လံရှင်းလင်းပြသပေးကြရာ သံဃာတော်များ၊ သီလရှင်များ၊ ကျောင်းသားလူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားကြသည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအသီးသီးမှ ပြခန်းများနှင့် ဝန်ကြီးဌာနများအလိုက် ပြခန်းများမှ တာဝန်ရှိသူများကလည်း ပြခန်းတွင် ပြသထားသည့် တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ အပန်းဖြေလည်ပတ်နိုင်သည့် အထင်ကရနေရာများ၊ ဒေသထုတ်ကုန်များ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ၊ ပြည်သူများကို ဝန်ဆောင်မှုများပေးလျက်ရှိသည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကို လိုက်လံရှင်းလင်းပြသပေးကြရာ ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။


ပြန်ကြားရေးဝန်ကြီးဌာန ပြခန်းအား ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြစဉ်။
ဓာတ်ပုံ- ဇော်ဘီ

**ပျော်ရွှင်စွာပါဝင်ဆင်နွှဲ**

အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက သက်ဆိုင်ရာရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများ၊ ရိုးရာအကအလှများကို တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်ကြီးများရှေ့နှင့် ပြခန်းများရှေ့၌ ဖျော်ဖြေတင်ဆက်ကြရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန် ပါဝင်ဆင်နွှဲကြသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် ပြပွဲသို့ လှပတင့်တယ်ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်ကြီးများ၊ ရိုးသားဖြူစင်ဖော်ရွေလှသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသူများကိုလည်း တွေ့ရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများ၌လည်း ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ပြည်သူများ စိတ်ဝင်တစား စားသောက်သူများ၊ ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥတ္တရခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ရန်ပုံငွေအရောင်းဆိုင်များကလည်း စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာ ရောင်းချပေးလျက်ရှိရာ စိတ်ဝင်တစားဝယ်ယူကြသူများ များပြားလျက်ရှိသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ စိတ်ဝင်တစားဖြစ်စေရန်အတွက်လည်း ပြခန်းများတွင် ရင်ခုန်စိတ်လှုပ်ရှားစရာကံစမ်းမဲအစီအစဉ်များ၊ ပဟေဠိ ဖြေကြားသည့် အစီအစဉ်များ၊ ကိုယ်တိုင်ပါဝင်ဆင်နွှဲရသည့် ဂိမ်းကစားခြင်းအစီအစဉ်များနှင့် လက်ပန်းချီရေးဆွဲပေးခြင်း အစီအစဉ်ကောင်းများကိုလည်း ထည့်သွင်းထားသည်ကို တွေ့မြင်ရသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များက တိုင်းကျိုးပြည်ပြုတေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

**လုံခြုံရေးအပြည့်အဝပေးထား**

အဆိုပါဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများသို့ လာရောက်ကြည့်ရှုသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် တပ်မတော်နှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း လုံခြုံရေးအပြည့်အဝပေးထားသည့်အပြင် ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်ပါက ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် နေပြည်တော် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဆေးအဖွဲ့မှ ဆေးခန်းဖွင့်လှစ်ထားရှိသည်ကို တွေ့ရသည်။

ထို့ပြင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လာရောက်လေ့လာကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူ၊ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် ပွဲတော်သို့ လာသည့်လမ်းများ၌ ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း ၁၅ ခန်း၊ စုစုပေါင်းပြခန်း ၅၅ ခန်းနှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြုဂုဏ်ပြုယာဉ် ၂၆ စီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ် ၁၅ စီး၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ် တစ်စီး၊ ပြည်ထောင်စု နောက်ပိတ် ဂုဏ်ပြုယာဉ်တစ်စီးနှင့် တပ်မတော်ကိုယ်စားပြုဂုဏ်ပြုယာဉ် ငါးစီး စုစုပေါင်း ဂုဏ်ပြုယာဉ် ၄၈ စီးတို့ကို ခင်းကျင်းပြသခြင်းနှင့် တိုင်းရင်းသားရိုးရာ အစားအစာပြခန်း ၁၅ ခန်းတို့မှ အစားအစာရောင်းချခြင်းတို့ကို ဇန်နဝါရီ ၄ ရက်မှ စတင်၍ ဇန်နဝါရီ ၈ ရက်အထိ ခင်းကျင်းပြသပေးသွားမည်ဖြစ်၍ မိဘပြည်သူများ အခမဲ့လာရောက်လေ့လာကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်း – ဟိန်းမင်းစိုး ၊ ဂျိုင်းလော**
**ဓာတ်ပုံ– ကိုကြီးထိန်**


တိုင်းရင်းသားရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေစဉ်။

# အခုလိုပြပွဲဟာ ကျောင်းသားလူငယ်တွေနဲ့ မျိုးဆက်သစ်တွေကို ဗဟုသုတတွေ အများကြီးရစေတဲ့အတွက် ပိုပြီးလေ့လာကြည့်ရှုသင့်ပါတယ်

ဒေါက်တာစိုင်းကျော်ဦး

*တွေ့ဆုံမေးမြန်း - ဟိန်းမင်းစိုး၊ သန်းမင်းအောင်၊ ဂျိုင်းလော၊ ခတ်ပုံ - ကိုကြီးထိန်*

**(၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့တွင် ပါဝင်ပြသခဲ့ကြသည့် ဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ တတိယနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသလျက်ရှိသည်။**

အဆိုပါပွဲတော်၌ ခင်းကျင်းပြသထားသည့် ပြခန်းများမှတာဝန်ရှိသူများ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများ၊ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို အများပြည်သူများ သိရှိနိုင်ရန် ရေးသားဖော်ပြလိုက်ရပါသည်။


ဒေါက်တာဇော်လွင်


ဦးနေဆန်း


ဒေါက်တာစိုင်းကျော်ဦး


မဆုမြတ်နန္ဒာ

**ဒေါက်တာဇော်လွင် (ဒုတိယညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆန်နှင့်ဆီအရောင်းဆိုင်)**

ကျွန်တော်တို့ဝန်ကြီးဌာနက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ပူးပေါင်းပြီး ဆန်နဲ့ဆီတွေကို စားသုံးသူပြည်သူတွေအတွက် ဈေးနှုန်းသက်သာစွာနဲ့ လွယ်လွယ်ကူကူ ဝယ်ယူနိုင်ဖို့အတွက် ရောင်းချပေးလျက်ရှိပါတယ်။ ပြည်သူတွေကလည်း စိတ်ဝင်စားကြပါတယ်။ ဆီဆိုရင် အပြင်ဈေးနှုန်းနဲ့ယှဉ်ရင် တစ်ပိဿာကို ငွေကျပ် ၁၅၀၀၊ ၂၀၀၀ လောက်ဈေးနှုန်းသက်သာပါတယ်။ ဆန်ဆိုရင်လည်း တစ်အိတ်ကို ငွေကျပ် ၂၀၀၀ လောက် သက်သာတဲ့အတွက် ပြည်သူတွေ လာရောက်ပြီး ဝယ်ယူကြတာများပါတယ်။

စိန်ရတုလွတ်လပ်ရေးနေ့မှာ ဆန်နှင့်ဆီလုပ်ငန်းရှင်များအသင်းအနေနဲ့ ဈေးနှုန်းသက်သာစွာနဲ့ ပြည်သူတွေကို ရောင်းချခွင့်ရတာကို သူတို့အနေနဲ့လည်း အလွန်ဝမ်းသာပီတိဖြစ်ကြပါတယ်။ ဝယ်ယူတဲ့ပြည်သူတွေအနေနဲ့လည်း အပြင်ဈေးနှုန်းထက် သက်သာတဲ့ဈေးနှုန်းဖြစ်တဲ့အတွက် ဝမ်းသာပြီး လာရောက်ဝယ်ယူကြပါတယ်။ ပြည်သူတွေရဲ့ တကယ်လိုအပ်ချက်က ဆန်နဲ့ဆီဖြစ်ပါတယ်။ ကြုံတောင့်ကြုံခဲ စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကြီးမှာ ကျွန်တော်တို့က ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ဆန်နဲ့ဆီကို ဈေးသက်သာစွာနဲ့ လွယ်လွယ်ကူကူ ဝယ်ယူလို့ရရှိနိုင်အောင် ရောင်းချပေးတဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (ရန်ကုန်)ကနေ လာရောက်ပြီး ရောင်းချပေးတဲ့ ကုမ္ပဏီများကိုလည်း အထူးကျေးဇူးတင်ပါတယ်လို့ ပြောလိုပါတယ်။

**ဦးနေဆန်း (ညွှန်ကြားရေးမှူး၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**

ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ပြခန်းမှာ ဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေဖြစ်တဲ့ ငွေရတုခေတ်၊ ရွှေရတုခေတ်၊ စိန်ရတုခေတ်မှာ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဆောင်ရွက်မှုအခြေနေတွေကို ပြည်သူများသိရှိအောင် ပြသထားတာ ဖြစ်ပါတယ်။ ငွေရတုခေတ်၊ ရွှေရတုခေတ်မှာ ဆောင်ရွက်ခဲ့တဲ့ ဌာနရဲ့ဝန်ကြီးတွေ၊ ကုန်သွယ်မှုကို မြှင့်တင်ဆောင်ရွက်မှုအခြေအနေတွေနဲ့ စိန်ရတုခေတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာလည်း ဌာနရဲ့ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်ခဲ့တာတွေကို အဓိကထားပြီး ပြသထားပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနက နိုင်ငံတော်ရဲ့ စီးပွားရေးကို အဓိကထားဆောင်ရွက်ပေးနေတဲ့ ဌာနဖြစ်တဲ့အတွက် နိုင်ငံက ပြည်ပကို တင်ပို့တဲ့ ပို့ကုန်တွေကိုလည်း ပြသထားခြင်းဖြစ်ပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ပတ်သက်တဲ့ မဟာဗျူဟာချမှတ်ပြီး ချမှတ်ထားတဲ့ ဗျူဟာပေါ်မူတည်ကာ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ စီးပွားရေးဦးတည်ချက်(၃)ရပ်နဲ့အညီ စီးပွားရေးကဏ္ဍကို ဆောင်ရွက်နေပါတယ်။

ပြခန်းကို လာရောက်လေ့လာတဲ့ ပြည်သူတွေ ကျွန်တော်တို့ ဝန်ကြီးဌာနက ဘာတွေဆောင်ရွက်နေတယ်၊ ကုန်သွယ်မှုတွေကို ဘယ်လိုလုပ်နေတယ်၊ စီးပွားရေးမူဝါဒနဲ့အညီ နိုင်ငံရဲ့စီးပွားရေးကို ဘယ်လိုအထောက်အကူပြုနေတယ်၊ ပို့ကုန်တွေကို ဘယ်လိုမြှင့်တင်ဆောင်ရွက်နေတယ်ဆိုတာတွေကို သိရှိအောင် ပြသထားပါတယ်။ ပို့ကုန်မြှင့်တင်တဲ့အခါ ကုန်ပစ္စည်းတွေကို လျင်မြန်စွာ ပို့ဆောင်နိုင်ဖို့အတွက် အထူးစီးပွားရေးဇုန် သုံးခုနဲ့ ဆောင်ရွက်နေပါတယ်။ သီလဝါစီးပွားရေးဇုန်ကတော့ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့အတွက် နိုင်ငံရဲ့စီးပွားရေးကဏ္ဍမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါတယ်။ ထားဝယ်နဲ့ ကျောက်ဖြူစီးပွားရေးဇုန်ကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ပြခန်းမှာ ပို့ကုန်သွင်းကုန်ကဏ္ဍမှာလည်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် သရုပ်ပြဆောင်ရွက်ထားပါတယ်။

**ဒေါက်တာစိုင်းကျော်ဦး ( ရွှေကြာပင်ရပ်ကွက် ၊ ဇမ္ဗူသီရိမြို့နယ်)**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ အခုလို ဂုဏ်ပြုယာဉ်တွေ၊ အထိမ်းအမှတ်ပြခန်းတွေနဲ့ တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းတွေကို ခင်းကျင်းပြသထားတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလို ခင်းကျင်းပြသထားတာကို တစ်ခါမှ မကြုံဖူးပါဘူး။ အခုမြင်တွေ့ရတော့ ပြသထားတာတွေက ထူးခြားပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးက ပြခန်းတွေကို လေ့လာကြည့်ရှုရတာ စိတ်ဝင်စားစရာကောင်းပါတယ်။ အခုလိုပြပွဲဟာ ကျောင်းသားလူငယ်တွေနဲ့ မျိုးဆက်သစ်တွေကို ဗဟုသုတတွေ အများကြီးရစေတဲ့အတွက် ပိုပြီးလေ့လာကြည့်ရှုသင့်ပါတယ်။ ပြည်သူတွေကိုလည်း လွတ်လွတ်လပ်လပ် လာရောက်ကြည့်ရှုဖို့ စီစဉ်ထားတာလည်း ကောင်းပါတယ်။

**မဆုမြတ်နန္ဒာ (အမှတ်- ၉ အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်)**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မှာ စာလုံးသရုပ်ဖော်အနေနဲ့ ပါဝင်ခဲ့ပါတယ်။ တပေါင်းကွင်းမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်ပြခန်းတွေဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်ပြခန်းတွေမှာ ပြသထားတာတွေကို လေ့လာခဲ့ပါတယ်။ မြန်မာနိုင်ငံအနှံ့ သွားစရာမလိုဘဲ တပေါင်းကွင်းမှာ ပြသထားတဲ့ ပြခန်းတွေကို လာရောက်လေ့လာခြင်းအားဖြင့် မြန်မာပြည်အနှံ့ရောက်သွားသလိုခံစားရပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်က ဒေသန္တရဗဟုသုတတွေနဲ့ အထင်ကရနေရာတွေကို တွေ့မြင်သိရှိခွင့်ရတဲ့အတွက် ပျော်ပါတယ်။ သူငယ်ချင်းတွေကိုလည်း မြန်မာပြည်အနှံ့ ရောက်သွားသလို ခံစားချင်တယ်ဆိုရင် အခုပြသထားတဲ့ပြခန်းတွေကို လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။


တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများ၌ ဒေသထွက်အစားအစာများ ဝယ်ယူသုံးဆောင်သူများဖြင့် စည်ကားလျက်ရှိစဉ်။


အထိမ်းအမှတ်ပြခန်းများကို လာရောက်လေ့လာကြည့်ရှုသူများအား စည်ကားစွာတွေ့ရစဉ်။

# နိုင်ငံသားတိုင်း အခြေခံပညာကို KG+ 9 အထိ မဖြစ်မနေ သင်ကြားနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်

**နေပြည်တော် ဇန်နဝါရီ ၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်း၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် ဖောင်ကြီး အခြေခံပညာ အထက်တန်းကျောင်း၊ မင်းကုန်းအခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက အခြေခံပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများကို အမှန်တကယ် ပညာ တတ်မြောက်အောင် သင်ကြားပေးကြရမည် ဖြစ်ပါကြောင်း၊ ပညာတတ်အောင် သင်ကြားပေးခြင်းနှင့် အတူ ယဉ်ကျေးလိမ္မာအောင်၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ရှိအောင်နှင့် အကျင့်စာရိတ္တ ကောင်းမွန်သော ပညာပြည့်ဝနလုံးလှသည့် နိုင်ငံသားကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ပြုစုပျိုးထောင်ရာတွင် မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်း၍ လက်တွဲညီညီကြိုးစား ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ နိုင်ငံသားတိုင်း အခြေခံပညာကို KG+ 9 အထိ မဖြစ်မနေ သင်ကြားနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြင့် ပညာသင်နှစ်တစ်နှစ် အောင်မြင်ပြီးမြောက်အောင် သင်ယူနိုင်ရေးအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာတို့ဖြင့် သစ္စာရှိရှိ ကြိုးစားသင်ကြားပေးနေကြသည့် ဆရာ ဆရာများအားလုံးကို အထူးကျေးဇူးတင် ဂုဏ်ယူပါကြောင်း၊ အခြေခံပညာ ကျောင်းများတွင် ကျောင်းသား၊ ဆရာ၊ မိဘများ ကြည်နူးပျော်ရွှင်စွာ လက်တွဲ၍ ပညာရေး စုံညီပွဲတော်များ၊ အားကစားပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ ဆောင်ရွက်နေသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ရပါကြောင်း၊ ကျောင်းများတွင် စီမံရေးရာဆိုင်ရာ၊ ဘဏ္ဍာရေးရာဆိုင်ရာနှင့် ပညာရေးဆိုင်ရာ လုပ်ငန်း လိုအပ်ချက်၊ အခက်အခဲများရှိပါက အချိန်နှင့် တစ်ပြေးညီ တင်ပြစေလိုပါကြောင်း၊ လိုအပ်ချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၀)နှင့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၇၀) သင်တန်းဆင်း အခမ်းအနားများကျင်းပ

**ဇီးပင်ကြီး ဇန်နဝါရီ ၆**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သော အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဆင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား) တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဆင်းပွဲတွင် အဖွဲ့ဝင် ဦးဆန်းမြင့်က နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံ့ဝန်ထမ်းများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် အရည်အချင်း ပြည့်ဝကျွမ်းကျင်မှုရှိပြီး တာဝန်ကျေပွန်သော၊ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်သည့် ဝန်ထမ်းကောင်းများအဖြစ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန် ကောင်းစွာပူးပေါင်းပါဝင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ သင်တန်းဆင်းပြီး နောက်ပိုင်း အရာထမ်းများပီပီ မိမိအထက်အဆင့် အရာထမ်းများကို စွမ်းဆောင်ရည် ပြည့်ဝစွာဖြင့် ပံ့ပိုးကူညီပေးကြရင်း မိမိလက်အောက်အမှုထမ်းများကိုပါ သင်ကြားပြသ ဦးဆောင်လမ်းညွှန်ပေးနိုင်သော ဝန်ထမ်းကောင်းများအဖြစ် ကြိုးစားကြရန် တိုက်တွန်းမှာကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်းစီမံ ခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာဘွဲ့လက်မှတ်များ ပေးအပ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၆၁ ဦး၊ သင်တန်းသူ ၁၃၆ ဦး စုစုပေါင်း ၁၉၇ ဦး တက်ရောက်ခဲ့ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ ရတနာခန်းမ၌ ကျင်းပသည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၀)၏ သင်တန်းဆင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားရာ ကျောင်းသား ကျောင်းသူများအား မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိရန်၊ အတ္တဟိတ၊ ပရဟိတ အကျိုးသယ်ပိုး ဆောင်ရွက်တတ်ရန်၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့်ဥပဒေကိုလေးစားလိုက်နာသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန်နှင့် ကိုယ်ကျင့်တရား ကောင်းမွန်၍ ယဉ်ကျေးလိမ္မာသော လူငယ်များဖြစ်လာစေရေး လေ့ကျင့်ပြုစု ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။(ဓါတ်ပုံ)

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၁၃ ဦး၊ သင်တန်းသူ ၃၆၇ ဦး စုစုပေါင်း ၄၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ငါးပတ်ကြာမြင့်ခဲ့သည်။

ယင်းနောက် တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်သည် တက္ကသိုလ် စိမ်းလန်းစိုပြည်ရေးနှင့်၊ စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုများ၊ ဖွင့်လှစ်ဆဲသင်တန်းများတွင် သင်ခန်းစာပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများကို အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈) ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၉-၁-၂၀၂၃ ရက်နေ့မှ ၁၇-၂-၂၀၂၃ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း -၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း (လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှာင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ် (၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (၃၆) ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
- (က) "မူးယစ်ဆေးရန် တို့တွန်းလှန် ကြိုးစားတိုက်ဖျက် နိုင်ငံအတွက်"
- ( ခ ) "မူးယစ်ကင်းစင် တို့ပြည်တစ်ခွင်၊ သာယာလှပ လူမှုဘဝ"
- ( ဂ ) "ငါတို့ရဲ့အနာဂတ် သာယာလှပဖို့ မူးယစ်ကင်းစင်ကမ္ဘာ ဖန်တီးစို့"
- (ဃ) "မျိုးဆက်သစ်များ တိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်စို့"
- ( င ) "လုံခြုံစိတ်ချ ပြည်သူ့ဘဝ မူးယစ်မှန်သမျှ တိုက်ဖျက်ကြ"
- ( စ ) "မိသားစုနွေးထွေးမှုဖြင့် မိမိတို့၏ ရင်သွေးများအား မူးယစ်ဆေးဝါး အန္တရာယ်မှကာကွယ်ကြပါစို့" **(Photo Essay ယှဉ်ပြိုင်ရန်အတွက်သာ)**
- (ဆ) "လူသားချင်းစာနာ ကျန်းမာဖို့ စိန်ခေါ်မူးယစ်တိုက်ဖျက်စို့" Addressing drug challenges in health and humanitarian crises.

(၂) ဝတ္ထုတိုနှင့် ဆောင်းပါး စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူ ပေါင်း ၂ စောင် ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်သည်။

(၃) ကဗျာ စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာ စာစီ၍ မူရင်းနှင့်မိတ္တူ ပေါင်း ၂ စောင် ပေးပို့ရမည်။ မြန်မာကဗျာ စပ်ထုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ ( ပါဒ ၁၀၀ မှ ၂၀၀ ) အတွင်း ရှိရမည်။

(၄) တေးသီချင်းသည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်၍ ပရိသတ် နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ် ထိရောက်ရမည်။ အပြီးသတ် အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာ ရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ မူရင်း ၁ စောင်ကို ဂီတ သင်္ကေတ မူရင်း ၁ စောင်နှင့်အတူ ပေးပို့ရမည်။

(၅) ဓာတ်ပုံသည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် အဖြူအမည်းဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး 10'' x 14'' အရွယ် အနည်းဆုံး ၃ ပုံမှ အများဆုံး ၅ ပုံအထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပြိုင်ပွဲဝင်ပုံများ၏ Original Files များနှင့် 10'' x 14'' ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသော ပုံများသာဖြစ်ရပါမည်။ Digital အထူးပြုလုပ်ချက်များ ပြုလုပ်ခွင့်မရှိပါ။

(၆) ကွန်ပျူတာပိုစတာသည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့်ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းနှင့် ရေးဆွဲသည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းရေးဆွဲခြင်းမပြုရ။ ရေးဆွဲသည့်ပုံတွင် မိမိရွေးချယ်သော ခေါင်းစဉ်အား ပေါ်လွင်အောင် ထည့်သွင်းရေးဆွဲရမည်။ ကျောဘက် (သို့မဟုတ်) ပိုစတာဒီဇိုင်း၏ ညာဘက်အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။ ပိုစတာကို အလျားလိုက် (Landscape) ရေးဆွဲပေးပို့ရပါမည်။

(၇) ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ဟူ၍ ၃ ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (Grade 2 – Grade 5 )၊ အလယ်တန်းအဆင့် (Grade 6 – Grade 9 )နှင့် အထက်တန်းအဆင့် (Grade 10 – Grade 11 ) ဖြစ်ပါသည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလိုပါ။ 15'' x 20'' အရွယ် ရေးဆွဲရမည်။ ခဲတံ(သို့မဟုတ်) ရောင်စုံခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာ ရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၈) ကွန်ပျူတာပန်းချီ ပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (Grade 6 – Grade 9 )နှင့် အထက်တန်းအဆင့် (Grade 10 – Grade 11 ) ဖြစ်ပါသည်။ မူလတန်းအဆင့်ကျောင်းသား/သူများ ပါဝင်ယှဉ်ပြိုင်လိုပါက အလယ်တန်းအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံ မပါစေရ။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်သည်။ ယှဉ်ပြိုင်သည့် ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်း မပြုရ။

(၉) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၀) ဓာတ်ပုံ ပြိုင်ပွဲဝင်တစ်ဦးလျှင် 10'' x 14'' လက်မအရွယ် Photo Essay အနည်းဆုံး ၃ ပုံမှ အများဆုံး ၅ ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏အကြောင်းအရာ Caption ကို စာကြောင်းရေ ၅ ကြောင်းခန့် ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် ၁ ဦးလျှင် ဆုကြီး ၁ ဆုနှင့် နှစ်သိမ့်ဆု ၂ ဆု ခံစားခွင့်ရှိသည်။ Photo Essay ကို "မိသားစုနွေးထွေးမှုဖြင့် မိမိတို့၏ ရင်သွေးများအား မူးယစ်ဆေးဝါး အန္တရာယ်မှ ကာကွယ်ကြပါစို့" ခေါင်းစဉ်ဖြင့် သီးသန့်ယှဉ်ပြိုင်ရမည်။

(၁၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်များသည် အတန်း အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၂) ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၂ ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက် ပူးတွဲပေးပို့ရမည်။

(၁၃)ပြိုင်ပွဲဝင် စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန်ဖုန်းအမှတ်မှာ ၀၁၅၀၅၂၆၁ ဖြစ်ပါသည်။

(၁၄)ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တေးသီချင်း | ၂၁-၃-၂၀၂၃ |
| ( ခ ) | ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၂၁-၃-၂၀၂၃ |
| ( ဂ ) | ကွန်ပျူတာပိုစတာ | ၂၈-၃-၂၀၂၃ |
| (ဃ ) | ဓာတ်ပုံ | ၇-၄-၂၀၂၃ |
| ( င ) | ပန်းချီ၊ ကာတွန်း၊ ပိုစတာ | ၂၀-၄-၂၀၂၃ |
| ( စ ) | ကွန်ပျူတာပန်းချီ | ၂၆-၄-၂၀၂၃ |

(၁၅)ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ၃ ဆု ရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အလွတ်တန်း ပြိုင်ပွဲများမှ ပထမဆုရရှိသူ ၆ ဦးကိုနေပြည်တော်တွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၆)ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဇန်နဝါရီ ၆**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန် မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊စစ်သည်၊မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့်



နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊စစ်သည်၊မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစု အသီးသီး များနှင့်အတူတကွ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

မိုးတွင်းကာလများတွင် အရည်ပျော်လျက်ရှိရာ ဒေသခံပြည်သူများသည် မိုးတွင်းကာလများတွင် အဆိုပါ ရေခဲတောင်များ၌ သဘာဝဆေးမြစ်ဆေးဥများဖြစ်သည့် ရှီးပတီး၊ မချစ်ဥ၊ ခန်းတောက်မြစ်ကို သွားရောက်ရှာဖွေလျက်ရှိကြသည်။

ယင်းတောင်တန်းကြီးများသည် မိုးတွင်းကာလတွင် စိမ်းလန်းစိုပြည်လျက်ရှိပြီး ဆောင်းရာသီနှင့် နွေရာသီများတွင် ရေခဲများဖြင့်ဖြူဖွေးပြီး လှပသော တောင်တန်းကြီးများအဖြစ် ပြောင်းလဲလာခြင်းကြောင့် ပူတာအိုဒေသခရီးသွားလုပ်ငန်းကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အကျဉ်းထောင်တွင် အကျဉ်းသား၊ အချုပ်သားများ ဆူပူအကြမ်းဖက်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အကျဉ်းထောင်အတွင်းရှိ အိပ်ဆောင်တစ်ခုမှ အကျဉ်းသား၊ အချုပ်သား ၇၀ ခန့်သည် ယနေ့ နံနက်ပိုင်းတွင် အိပ်ဆောင်ဝင်းတံခါးများကို ချိုးဖျက် ဖျက်ဆီးခြင်း၊ အကျဉ်းဦးစီးဌာန ဝန်ထမ်းများကို အော်ဟစ်ဆဲဆိုခြင်း၊ မချေမငံပြောဆိုခြင်းနှင့် ရန်မူရန်ကြိုးပမ်းလာခဲ့သဖြင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းများက မိမိအခန်းများသို့ အသာတကြည် ပြန်လည်ဝင်ရောက်ရန် ဖျောင်းဖျပြောဆိုခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဆက်လက်အော်ဟစ်ဆူပူမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။

ထို့နောက် အခြားအိပ်ဆောင်တစ်ခုမှ အကျဉ်းသား၊ အချုပ်သားအချို့ကလည်း ၎င်းတို့၏ အိပ်ဆောင်များရှိ တံခါးများကို ဖျက်ဆီးခြင်း၊ CCTV များကို ဖျက်ဆီးခြင်း၊ အကျဉ်းထောင်အတွင်းရှိ စည်းကမ်းထိန်းရုံးသို့ သွားရောက် ရန်မူရန်ကြိုးစားလာကြပြီး ပထမဆူပူမှု ဖြစ်ပွားနေသည့်အဆောင်ရှိအကျဉ်းသား၊ အချုပ်သားများနှင့် ပူးပေါင်းကာ ဖျက်ဆီးမှုများကို အရှိန်မြှင့် ဆောင်ရွက်လာကြသည်။





ပုသိမ်မြို့ အကျဉ်းထောင်အတွင်း အကျဉ်းသား၊ အချုပ်သားများ ဆူပူအကြမ်းဖက်မှုကြောင့် ပျက်စီးမှုများ ကို တွေ့ရစဉ်။





ဒဏ်ရာရရှိသည့် အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများ။

**အခြေအနေထိန်းသိမ်းနိုင်ခဲ့**

ထိုသို့ ဆူပူအကြမ်းဖက်ဖြစ်စဉ်များကြောင့် အခြေအနေကို ထိန်းသိမ်း ဆောင်ရွက်နိုင်ရန်အတွက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ဧရာဝတီတိုင်း၊ အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစီး၍ တာဝန်ရှိသူဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီး၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကျဉ်းထောင်အတွင်းသို့ ဝင်ရောက်ကာ အကျဉ်းသား၊ အချုပ်သားများအား လူစုခွဲရန် ထပ်မံပြောကြားဖျောင်းဖျခဲ့သော်လည်း လိုက်နာမှုမရှိဘဲ အိပ်ဆောင်ကွပ်ပျစ်များအား ရိုက်ချိုးထားသည့် သစ်သားချောင်းများ၊ အုတ်နီခဲများ၊ အင်္ဂတေခဲကျိုးများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်မူတိုက်ခိုက်လာကြသဖြင့် ဆက်လက်ဖျောင်းဖျရန် အခြေအနေမရှိတော့ဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်ပြီး တုတ်/ဒိုင်းများ အသုံးပြုနှိမ်နင်းခဲ့ရကြောင်း၊ ဆူပူအကြမ်းဖက်မှုကို ထိန်းသိမ်းနေစဉ် အကျဉ်းသား၊ အချုပ်သားများအနေဖြင့် ၎င်းတို့ အချင်းချင်း ခိုက်ရန်ဖြစ်ပွား ထိုးကြိတ်ရိုက်နှက်မှုများ ဖြစ်ပွားခဲ့ကြပြီး လုံခြုံရေးတပ်ဖွဲ့များ၏ ထိန်းသိမ်းမှုကြောင့် ၁၁ နာရီခွဲခန့်တွင် အခြေအနေအား ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရှိရသည်။

**စိစစ်မှုများဆောင်ရွက်မည်**

အထက်ပါ ဖြစ်စဉ်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် နှစ်ဦး၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်း




ကိုးဦး ပေါင်း ၁၁ဦး ဒဏ်ရာရရှိခဲ့ပြီး အချုပ်သား တစ်ဦးမှာ ၎င်းတို့အချင်းချင်း ရိုက်နှက်မှုကြောင့် သေဆုံးခဲ့ကာ အကျဉ်းသား၊ အချုပ်သား ၆၃ ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဖြစ်စဉ်ပါပဏာမ စိစစ်မှုအရ ဇန်နဝါရီ ၅ ရက် ညပိုင်းတွင် အကျဉ်းသားတစ်ဦးထံမှ ကီးပတ်ဖုန်း တစ်လုံး ရှာဖွေသိမ်းဆည်း ရမိမှုအပေါ် လိုအပ်သလို အရေးယူနိုင်ရေးအတွက် ဆောင်ရွက်နေစဉ် ၎င်းဖြစ်စဉ်အပေါ် ကျေနပ်မှုမရှိခြင်း၊ အချင်းချင်းမြှောက်ပင့်၍ ရန်းရင်းဆန်ခတ် ဖြစ်အောင် ကြိုးပမ်းခဲ့ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေ ရွှေရည်ဦး (ခ) ရွှေရည်သည် ၎င်းအသုံးပြုသည့် “Shwe Ye” Facebook အကောင့်၊ ကမာရွတ်မြို့နယ်နေ မင်းသန့်ကျော်(ခ) မင်းသန့်သည် ၎င်းအသုံးပြုသည့် “Min Thant” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၁၇၀၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဒေသခံပြည်သူ ၁၃၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသားကျောင်းသူ ၁၀၀၈ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ အအေးလှိုင်းကျရောက် တစ်နေ့တည်း လူ ၂၂ ဦး သေဆုံး

နယူးဒေလီ ဇန်နဝါရီ ၆

**အိန္ဒိယနိုင်ငံမြောက်ပိုင်း အက်တာပရာဒေ့ရှ်ပြည်နယ်၌ အအေးလှိုင်းကျရောက်မှုကြောင့် တစ်နေ့တည်း လူ ၂၂ ဦးထက်မနည်း နှလုံးရောဂါဖြင့် သေဆုံးခဲ့ကြောင်း အရာရှိများက ဇန်နဝါရီ ၆ ရက်က ပြောကြားလိုက်သည်။**

သေဆုံးသူများမှာ အက်တာပရာဒေ့ရှ် ပြည်နယ် မြို့တော် လက်ခ်နောင်းအနောက်ဘက် ၈၈ ကီလိုမီတာကွာဝေးသော ကန်ပါဒေသမှ ဖြစ်သည်။

ဇန်နဝါရီ ၅ ရက်က နှလုံးရောဂါသည်ပေါင်း ၇၂၃ ဦးနှလုံးရောဂါဖြင့် ကန်ပါဆေးရုံ၏ အရေးပေါ်ဌာနနှင့် ပြင်ပလူနာဌာနသို့ လာရောက်ခဲ့ကြောင်း လက်မီပက်ဆင်ဂါနီယာအင်စတီကျု နှလုံးရောဂါဗေဒနှင့် နှလုံးခွဲစိတ်ဌာန၏ထုတ်ပြန်ချက်များအရ သိရသည်။

အရေးပေါ်ကုသမှုများဆောင်ရွက်နေစဉ် လူနာ ခုနစ်ဦး သေဆုံးခဲ့ကြောင်းနှင့် ၁၅ ဦးမှာ ဆေးရုံ ရောက်ချိန်၌ သေဆုံးလျက်ရှိကြောင်း အဆိုပါ အချက်အလက်များတွင် ဆက်လက်ဖော်ပြထားသည်။

ကန်ပါ၌ အဖြစ်များသော အအေးလှိုင်း အခြေအနေကြောင့် သွေးပေါင်ရုတ်တရက်တက်လာပြီး ယင်းက နှလုံးရောဂါဖြစ်ပွားခြင်းကို ဖြစ်စေခဲ့သည်ဟု ဆရာဝန်များက ယူဆကြသည်။ ကန်ပါ၌ ပြင်းထန်သောအအေးလှိုင်း ဖြတ်သန်းလျက်ရှိသည်။

ဆင်ဟွာ




အအေးလှိုင်းကို အန်တုဖို့ အနွေးဓာတ်ရရှိရန် မီးလှုံနေကြသည်ကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံမှ ခရီးသွားများအပေါ် တင်းကျပ်သည့် ကိုဗစ် - ၁၉ ကန့်သတ်ချက်များ ထားရှိမည်မဟုတ်ဟုဆို

ဘန်ကောက် ဇန်နဝါရီ ၆

တရုတ်နိုင်ငံမှ လာရောက်မည့် ခရီးသွားများအပေါ် တင်းကျပ်သည့် ကိုဗစ်-၁၉ ကန့်သတ်ချက်များ ချမှတ်သွားမည် မဟုတ်ဟု ထိုင်းအစိုးရက ပြောသည်။ တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ဖြစ်ပေါ်နေသော်လည်း ယခုလို ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဇန်နဝါရီ ၅ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထိုင်းကျန်းမာရေးဝန်ကြီး အနူဝင် ချန်ဗာရာကယ်က ပြောသည်။ ပြီးခဲ့သည့်နှစ်မှစတင်ကာ ထိုင်းနိုင်ငံသို့ လာရောက်မည်ဆိုလျှင် ဆိုက်ရောက်ခရီးသည်များ ကိုဗစ်-၁၉ ဆေးစစ်ရန် မလိုအပ်တော့ပေ။ မည်သည့်နိုင်ငံမှ လာသည့် ခရီးသွားများကိုမဆို ယင်းမူဝါဒအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဟု ကျန်းမာရေးဝန်ကြီးက ပြောသည်။

၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ လာရောက်သည့် တရုတ်ခရီးသွားဧည့်သည် ၁၁ သန်းဝန်းကျင်ရှိသည်။ ယင်းပမာဏသည် ထိုင်းနိုင်ငံသို့ ဝင်ရောက်သည့် ခရီးသွားဧည့်သည် စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းရှိသည်။ တရုတ်နိုင်ငံမှ ခရီးသွားများကို ဆွဲဆောင်ခြင်းဖြင့် ခရီးသွားလုပ်ငန်းကို ပြန်လည်ရှင်သန်အောင် လုပ်ဆောင်မည်ဟု ထိုင်းအစိုးရက မျှော်လင့်ထားသည်။ ထိုင်းနိုင်ငံ၏ စီးပွားရေးအတွက် လမ်းဖွင့်ရန် အခွင့်လမ်းကောင်းတစ်ခုဖြစ်ကြောင်း ပြီးခဲ့သည့် သုံးနှစ်အတွင်း ဆုံးရှုံးမှုများမှ ပြန်လည်ရရှိအောင် လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းကောင်း ဖြစ်ကြောင်း ၎င်းက ပြောသည်။

အင်န်အိတ်ချ်ကေ




ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားများကို လေဆိပ်တွင် တွေ့ရစဉ်။

# မူးယစ်ရာဇာ အယ်လ်ချာပို၏သား မက္ကဆီကို၌ ဖမ်းဆီးခံရ


မက္ကဆီကိုစီးတီး ဇန်နဝါရီ ၆

ထောင်ကျနေသည့် မူးယစ်ရာဇာ အယ်လ်ချာပို၏ သားဖြစ်သူကို မက္ကဆီကို အာဏာပိုင်များက ဖမ်းဆီးထားကြောင်း သိရသည်။

နာမည်ဆိုးဖြင့် ကျော်ကြားသော မူးယစ်မှောင်ခိုအဖွဲ့ဝင်များကြား အကြမ်းဖက်ရန်ရင်းဆန်ခတ်ဖြစ်မှုများကြောင့် ယခုလို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အသက် ၃၂ နှစ်အရွယ် အိုဗီဒီယိုဂုဇ်မန်းကို ဇန်နဝါရီ ၅ ရက်က အနောက်မြောက်ပိုင်း ပြည်နယ် ဆီနာလိုအာ၌ ဖမ်းဆီးခဲ့သည်။ ၎င်းမှာ မူးယစ်ရာဇာ အယ်လ်ချာပိုဂုဇ်မန်း၏သားဖြစ်ပြီး ဆီနာလိုအာ မူးယစ်ဂိုဏ်းတွင် အဆင့်မြင့်အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ အဆိုပါ မူးယစ်ဂိုဏ်းမှာ မက္ကဆီကို၌ အကြီးဆုံး မူးယစ်ဂိုဏ်းများထဲမှ တစ်ခုဖြစ်သည်။ အိုဗီဒီယို ဂုဇ်မန်းကို ဖမ်းဆီးနိုင်ရန် သတင်းပေးပါက အမေရိကန်ဒေါ်လာ ၅ သန်း အထိပေးမည်ဟု အမေရိကန်က ဆုကြေးထုတ်ထားသည်။ ၎င်းကို ဖမ်းဆီး လက်လွှဲပေးခြင်းမှ ကာကွယ်ရန် မူးယစ်ဂိုဏ်းအဖွဲ့ဝင်များသည် လမ်းများတွင် မော်တော်ယာဉ်များ မီးရှို့ကာ ပိတ်ဆို့ခဲ့ကြသည်။ ပြင်းထန်သည့် ပစ်ခတ်မှုများလည်း လေဆိပ်၌ ဖြစ်ပွားခဲ့သည်။

ပုဂ္ဂလိက လေယာဉ်တစ်စင်းမှာ သေနတ်ထိမှန်ခဲ့ရသည်။ လေယာဉ်အတွင်း ရိုက်ထားသည့် ဗီဒီယိုဖိုင်တွင် ခရီးသည်များမှာ အကာအကွယ်ယူရန် ဝပ်တွားသွားနေကြသည်ကို တွေ့မြင်ရသည်။ ထိခိုက်မိသူမရှိသော်လည်း လေဆိပ်တွင် လုပ်ငန်းဆောင်တာများကို ဆိုင်းငံ့ထားခဲ့ရသည်။ မက္ကဆီကို အာဏာပိုင်များသည် ၂၀၁၉ ခုနှစ်ကလည်း အိုဗီဒီယို ဂုဇ်မန်းကို ဖမ်းဆီးခဲ့ဖူးသည်။ ၎င်း၏ မူးယစ်ဂိုဏ်းအဖွဲ့ဝင်များက အကြမ်းဖက်မှုများလုပ်ဆောင်ခဲ့ပြီး ယင်းအကြမ်းဖက်မှုများကို နှိမ်နင်းရန် ပျက်ကွက်ခဲ့သည့်နောက် ၎င်းကို လွှတ်ပေးခဲ့ရသည်။

အင်န်အိတ်ချ်ကေ



မူးယစ်ရာဇာ အယ်လ်ချာပို ဂုဇ်မန်း၏ သားဖြစ်သူ အိုဗီဒီယို ဂုဇ်မန်းကို ဖမ်းဆီးပြီးနောက် လမ်းပေါ်တွင် ရန်ရင်းဆန်ခတ်ဖြစ်ကာ မော်တော်ယာဉ်များ မီးရှို့ဖျက်ဆီးခံထားရမှုများကို တွေ့ရစဉ်။

# သီရိလင်္ကာနိုင်ငံရှိ ကြာပန်းမျှော်စင်သို့ စဖွင့်သည့် အချိန်မှစကာ လာရောက်လည်ပတ်သူ ငါးသိန်းရှိ

ကိုလံဘို ဇန်နဝါရီ ၆

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၏ အမှတ်အသားတစ်ခုဖြစ်သည့် ကြာပန်းမျှော်စင်ကို အများပြည်သူကြည့်ရှုရန် မျှော်စင်စဖွင့်သည့် အချိန်မှစကာ ဇန်နဝါရီ ၆ ရက်အထိ လာရောက်လည်ပတ်သူ သန်းတစ်ဝက်နီးပါး လက်ခံရရှိကြောင်း မျှော်စင်စီမံခန့်ခွဲသူများက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတောင်ပိုင်း ပြည်နယ် မာတာရာမြို့မှ ရောက်ရှိလာသူ တစ်ဦးကို ငါးသိန်းမြောက်လက်မှတ် ရောင်းချခဲ့ရကြောင်း အဆိုပါမျှော်စင်စီမံခန့်ခွဲမှု အကြီးအကဲဖြစ်သူ ပရာဆက် ဆာမရာဆင်းဟီက သတင်းထောက်များကို ပြောကြားသည်။ အများပြည်သူသို့ အဆိုပါမျှော်စင်စဖွင့်သည့် အချိန်မှစကာ ဝင်ငွေ ရူပီး ၂၆၈ သန်းကျော် (အမေရိကန်ဒေါ်လာ ၇၃၀၀၀၀) ရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ သီရိလင်္ကာနှင့် တရုတ်နိုင်ငံတို့သည် တောင်အာရှတွင် အမြင့်ဆုံးတီဗွီမျှော်စင်တည်ဆောက်ရန် ၂၀၁၂ ခုနှစ်က ကြာပန်းမျှော်စင်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ အဆိုပါမျှော်စင်ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလက အများပြည်သူသို့ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ




# ပါကစ္စတန်ရေကြီးမှုကြောင့် လူပေါင်း ရှစ်သန်း အိုးမဲ့အိမ်မဲ့ဖြစ်နေဆဲဟု ဆို

ဂျီနီဗာ ဇန်နဝါရီ ၆

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သောနှစ် နွေရာသီက ဖြစ်ပွားခဲ့သော ရေကြီးမှုများကြောင့် လူပေါင်း ရှစ်သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်နေဆဲ ဖြစ်ကြောင်း ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ပါကစ္စတန်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် ခါလီဟာ့ရှ်မီက ဇန်နဝါရီ ၅ ရက်က ပြောကြားလိုက်သည်။

အရေးပေါ် အိမ်ရာလိုအပ်ချက်များရှိနေကြောင်းနှင့် ရေကြီးမှုကြောင့် စိုက်ပျိုးရေးကဏ္ဍကို ပျက်စီးစေခဲ့ကြောင်း၊ ထို့အပြင် ပြည်သူများ၏ နေထိုင်မှုဘဝကိုလည်း ယိမ်းယိုင်စေခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

လာမည့်သီတင်းပတ်တွင် ကျင်းပမည်ဖြစ်သော ရာသီဥတုဒဏ်ခံနိုင်ရေးနှင့်ပတ်သက်သည့် အဆင့်မြင့်အစည်းအဝေးမတိုင်မီ ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးသို့ ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ဇ်ရှာရစ်ဖ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်တို့ တက်ရောက်မည်ဖြစ်သည်။

ဆင်ဟွာ

# မြန်မာ့လွတ်လပ်ရေးကြီး (၇၅) နှစ်မှသည် ရာပြည့်အလီလီ ကမ္ဘာတည်သရွေ့တိုင်အောင် တည်တံ့ခိုင်မြဲပါစေလို့ ဆုတောင်းစကားပါးလိုက်ချင်ပါတယ်

ဦးတင်သန်းဝင်း(စစ်ကိုင်းတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး)

■ ဇင်ဦး၊ ဟိန်းထက်ဇော်၊ ဓာတ်ပုံ - ဇော်ဦး



ဦးတင်သန်းဝင်း



ဦးစန်းကို



ဦးအောင်ကြည်ဝင်း



ကိုသန်းညွန့်အောင်

**နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပြခန်းများ၊ အလှပြယာဉ်များနှင့် ဈေးအရောင်းပြခန်းများအား တတိယနေ့အဖြစ် ဆက်လက်ပြသလျက်ရှိရာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအလှများ၊ ရိုးရာအစားအသောက်များအား လာရောက်လေ့လာ ကြည့်ရှုဝယ်ယူကြသူများဖြင့် စည်ကားနေသည်။**

မြန်မာ့ရေ၊ မြန်မာ့မြေ၊ မြန်မာ့အချုပ်အခြာ အာဏာနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ရရှိခဲ့သည်မှာ ယခုအခါ ၇၅ နှစ်တိုင် ရောက်ရှိလာခဲ့ပြီဖြစ်ရာ လွတ်လပ်ရေးနေ့ အမှတ်တရဂုဏ်ပြုစကားအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက "(၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အမှတ်တရစကားအနေနဲ့ကတော့ ဗိုလ်ရှုခံမှာ ပြသလှုပ်ရှားကြတဲ့ အဖွဲ့တွေ မြင်လိုက်ရတဲ့အခါမှာ လွတ်လပ်ရေးရဲ့တန်ဖိုး၊ အရသာကို တကယ့်ကို ရင်ထဲအသည်းထဲမှာ လှိုက်လှိုက်လှဲလှဲ ခံစားရပါတယ်။ ဒီလွတ်လပ်ရေးကို ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်တော့ဘူး။ ဒါကြောင့် မြန်မာ့လွတ်လပ်ရေးကြီး (၇၅) နှစ်မှသည် ရာပြည့်အလီလီ ကမ္ဘာတည်သရွေ့ တိုင်အောင် တည်တံ့ခိုင်မြဲပါစေလို့ ဆုတောင်းစကား ပါးလိုက်ချင်ပါတယ်" ဟု ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပြခန်းနှင့် ပြခန်းယာဉ်များပြသနေမှုနှင့် ပတ်သက်၍ "စစ်ကိုင်းတိုင်းဒေသကြီးပြခန်းမှာတော့ တိုင်းဒေသကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ သမိုင်းအစဉ်အလာရှိခဲ့တဲ့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရဲ့ သမိုင်းကြောင်းတွေကို ပေါ်လွင်အောင် ပြသထားပါတယ်။ အလှပြယာဉ်မှာတော့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေဖြစ်တဲ့ ကောင်းမှုတော်စေတီ ပုံစံငယ်တွေ၊ အလောင်းမင်းတရား နန်းတော်ကြီးကနေ အစချီပြီး ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ်ကစတဲ့ လူသားယဉ်ကျေးမှုတွေကို ဖော်ပြတဲ့ ဟန်လင်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေရဲ့ အကြောင်းတွေ ပြသထားပါတယ်" ဟု ၎င်းက ပြောကြားသည်။

ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုကလည်း (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကရင်ပြည်နယ် ကိုယ်စားပြုပြခန်းနှင့် ကရင်တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းတို့နှင့် ပတ်သက်၍ ပြောကြားရာ "ကျွန်တော်တို့ ဂုဏ်ပြုယာဉ်မှာ ကရင်ပြည်နယ် အထိမ်းအမှတ် ဖားစည်၊ ကျွဲချိုကို အဓိကထားပြီး ပြသထားတာဖြစ်ပါတယ်။ နောက်ခံအနေနဲ့ ကရင်ပြည်နယ်ရဲ့ အထင်ကရ ဇွဲကပင်တောင်ကို ဖော်ညွှန်းပြသထားတာဖြစ်ပါတယ်။ ဒါ့အပြင် ကရင်ပြည်နယ်ရဲ့ အကအလှတွေ သဘာဝရှုခင်းတွေနဲ့ ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ပြသထားပါတယ်။ ပြခန်းမှာ ကရင်တိုင်းရင်းသားမျိုးနွယ်စု၊ ကရင်ရိုးရာတူရိယာ၊ အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ပြည်နယ်အကြီးအကဲတွေရဲ့ ပုံတွေ၊ ကရင်ရိုးရာအိမ်၊ ကရင်ရိုးရာဂျပ်ခုတ်အထည်တွေကို လက်တွေ့လုပ်ဆောင်နေတာကို ပြသထားပါတယ်" ဟု ပြောကြားသည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမှတ်တရစကားအနေဖြင့် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မိန့်ခွန်းမှာပြောကြားသွားတဲ့ ငြိမ်းချမ်းရေးကို အဓိကလိုလားပါတယ်။ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ပါဝင်ဆင်နွှဲကြတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရဲ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုတွေနဲ့ အကအလှတွေဟာ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေဆိုတာ ခံစားသိမြင်ခွင့်ရတဲ့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက လူငယ်တွေ ကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်ပါတယ်။ နှစ်သစ်ကူးအနေနဲ့ ၂၀၂၃ မှာ ကရင်ပြည်နယ်နဲ့တကွ တစ်နိုင်ငံလုံး အေးချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

ထို့အတူ ရှမ်းပြည်နယ်ကိုယ်စားပြု ပြခန်းပြသမှုနှင့် ပတ်သက်၍လည်း ရှမ်းပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက "ရှမ်းပြည်နယ်မှာ တိုင်းရင်းသားလူမျိုးစု ၃၃ မျိုး လောက်ရှိတဲ့အတွက် တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု အသုံးအဆောင်ပစ္စည်းတွေကို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ပြခန်းမှာ ခင်းကျင်းပြသပါတယ်။ ရှမ်းပြည်နယ်ကိုလာတဲ့ နိုင်ငံခြားသားခရီးသွားဧည့်သည်အတွက် လူထုအခြေပြု ခရီးသွားလုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့အခါမှာ တိုင်းရင်းသားတွေရဲ့ဓလေ့စရိုက်တွေကို သိရှိဖို့အတွက် ပုံစံတူတွေနဲ့ ခင်းကျင်းပြသထားပါတယ်။ အထူးခြားဆုံး ပြကွက်ကတော့ အင်းလေးဒေသမှာရှိတဲ့ ကြာချည်လုပ်ငန်းဖြစ်ပါတယ်။ ကြာချည်လုပ်ငန်းဟာဆိုရင် တစ်နိုင်ငံလုံးမှာမှ အင်းလေးဒေသမှာပဲ ထုတ်လုပ်ပါတယ်။ ကြာချည်နဲ့ သက်န်းတွေ၊ ကြာချည်ထည်တွေ၊ ကြာနဲ့ ပိုးရောပြီးတော့ ရက်လုပ်ပြီး ထုတ်လုပ်တာရှိပါတယ်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းအနေနဲ့ ပင်းပက် သံမဏိစက်ရုံက သံရိုင်းတွေကို ရထားလမ်းကတစ်ဆင့် မြင်းခြံသံမဏိစက်ရုံကိုပို့တဲ့ ပုံစံငယ်တွေလည်း ပြသထားပါတယ်။ ရှမ်းပြည်နယ်မှာ အများဆုံးထွက်တဲ့ သီးနှံတွေ၊ မက္ကဒေးမီးယား၊ ကော်ဖီ၊ ထောပတ်၊ နေကြာနဲ့ ပြည်ပပို့ကုန်ဖြစ်တဲ့ ပြောင်းတိုးချဲ့စိုက်ပျိုးထုတ်လုပ်မှု အခြေအနေတွေကိုလည်း ပြသထားပါတယ်"ဟု ပြောကြားသည်။

ပြခန်းယာဉ်ပြသရာတွင်လည်း မြန်မာနိုင်ငံလွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့သည့် ခေါင်းဆောင်ကြီးများ၏ ပုံတူရုပ်တုများ၊ မြန်မာနိုင်ငံ၏ ပထမဆုံး သမ္မတ စဝ်ရွှေသိုက်၏ ပုံတူရုပ်တုနှင့် အာဇာနည်ခေါင်းဆောင် တစ်ဦးဖြစ်သည့် မိုင်းပွန်စော်ဘွား စဝ်စံထွန်းတို့၏ ပုံတူရုပ်တုများကိုလည်း သရုပ်ဖော်ပြထားသည်။ ထို့အပြင် မြန်မာ့လွတ်လပ်ရေး၏ ပင်မအရင်းအမြစ်ဖြစ်သည့် တောင်တန်း - ပြည်မ ပူးပေါင်းဆောင်ရွက်သည့် ပင်လုံစာချုပ် အထိမ်းအမှတ်ကို ဖော်ကျူးထားသော ပင်လုံကျောက်တိုင်၊ ကျိုင်းတုံမြို့ရှိ အဘယလာဘမုနိ၊ ခြေထောက်ဖြင့် လှေလှော်သည့် အင်းသားယဉ်ကျေးမှုပုံရိပ်များကိုလည်း ဖော်ကျူးပြသထားသည်။ ပြခန်းတွင် "ဝ" အကအဖွဲ့၊ ကိုးကန့်အကအဖွဲ့၊ ရှမ်းပြည်တောင်ပိုင်းအကအဖွဲ့ ငါးဖွဲ့တို့က ရိုးရာယဉ်ကျေးမှု ဝတ်စုံတွေနဲ့ ကပြဖျော်ဖြေနေသည်ကိုလည်း မြင်တွေ့ရသည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမှတ်တရစကားအနေဖြင့် ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက "တိုင်းရင်းသားတွေ စည်းလုံးညီညွတ်စွာရယူထားတဲ့ လွတ်လပ်ရေးအတွက် အစွန့်ရှည်အောင်၊ ပိုပြီးခိုင်မြဲအောင်၊ စည်းလုံးညီညွတ်မှုကိုလည်း မပြိုကွဲအောင် အားလုံးပူးပေါင်းပါဝင်ပြီး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ပေးကြပါလို့ ပြောချင်ပါတယ်"ဟု ပြောကြားသည်။

တိုင်းဒေသကြီး၊ ပြည်နယ် ကိုယ်စားပြု အရောင်းပြခန်းများတွင် ပါဝင်ပြသသည့် ZegoMoney ပြခန်းတာဝန်ခံ ကိုသန်းညွန့်အောင်ကလည်း "(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကြီးမှာ ကျွန်တော်တို့ပြတဲ့ ပြခန်းကတော့ ဒစ်ဂျစ်တယ်ငွေပေးချေမှု အားကောင်းဖို့အတွက် ZegoMoney အက်ပလီကေးရှင်းနဲ့ ငွေပေးချေမှုစနစ်တွေ သိရှိအောင် လာရောက်ပြသခြင်း ဖြစ်ပါတယ်။ လွတ်လပ်ရေးနေ့ပြခန်းတွေကို လာရောက်လေ့လာတဲ့ ပြည်သူတွေကို ကျွန်တော်တို့ zego-money အက်ပလီကေးရှင်းလေး ဒေါင်းလုပ်လုပ်လိုက်တာနဲ့ ငွေဖြည့်တဲ့အခါ ၅ ရာခိုင်နှုန်းပေးပါတယ်။ နောက်ထပ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲပုံစံ ဗလာမပါကံစမ်းမဲတွေ မဲဖောက်ပေးပါတယ်။ အမြင့်ဆုံးအနေနဲ့ကတော့ ငွေကျပ်တစ်သိန်း ဆုမဲတွေ ဖောက်ပေးတာရှိပါတယ်။ အက်ပလီကေးရှင်းအနေနဲ့ကတော့ ဈေးဝယ်ချင်တာ၊ မိမိမှာရှိတဲ့ မလိုအပ်တော့တဲ့ပစ္စည်းတွေ ပြန်ရောင်းချင်တဲ့အခါ ပိုမိုလွယ်ကူအဆင်ပြေအောင် ဆောင်ရွက်ပေးထားပါတယ်။ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ပြပွဲကြီးမှာ အခုလို ပထမဆုံးပါဝင်ပြသခွင့်ရတာကိုလည်း အလွန်ဝမ်းသာမိပါတယ်" ဟု ဆိုသည်။

ယခုပြသလျက်ရှိသည့် (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများနှင့် ဈေးအရောင်းပြခန်းများကို ဇန်နဝါရီ ၈ ရက်အထိ ဆက်လက်ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

## စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသို့ ဓာတ်မြေဩဇာများပေးအပ်

ပေါင် ဇန်နဝါရီ ၆

မွန်ပြည်နယ် ပေါင်မြို့နယ် ကော့ကရင်ကျေးရွာရှိ သပြေရောင်ခြည် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသား တောင်သူများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရာသီအမီ သွင်းအားစုများကို သမဝါယမဦးစီးဌာနက ဇန်နဝါရီ ၅ ရက်တွင် ပေးအပ်သည်။

အခမ်းအနားသို့ ပြည်နယ်သမဝါယမဦးစီးဌာန မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများနှင့် အသင်းသားတောင်သူများ တက်ရောက်ပြီး ပြည်နယ်သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သပြေရောင်ခြည်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်းလီမိတက်ရှိ အသင်းသားတောင်သူများထံသို့ ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ သွင်းအားစုဓာတ်မြေဩဇာ ၁၂၈ အိတ်ကို ပေးအပ်သည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်းရှိ

**(၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၆၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၄၁,၅၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၀၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၄၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါ နောက်ဆက်တွဲပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို ကာကွယ်နိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့အတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ခံယူကြရန် လိုအပ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၅၀ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၅ | ၂၀၁၅ | ၂၀၀၀ | ၁၉၈၀ | ၂၀၇၅ | ၂၀၉၀ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၅၀ | ၂၇၆၀ |
| 95 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၀ | ၂၁၀၅ | ၂၁၀၅ | ၂၃၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၄၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၀၅ | ၃၃၆၀ |
| HSD (50 ppm) | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၃၃၈၅ |
| HSD (10 ppm) | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၃၃၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၂ | ၁၉၂၃ |
| 95 Ron | ၁၉၂၂ | ၁၉၉၄ |
| HSD (500 ppm) | ၂၁၀၁ | ၂၁၇၂ |
| HSD (50 ppm) | ၂၁၇၄ | ၂၂၄၇ |
| HSD (10 ppm) | ၂၁၇၄ | ၂၂၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၅ ရက် ညနေပိုင်းက လမ်းမတော်မြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်းနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြောက်ပိုင်းခရိုင်အသင်းနှင့် တောင်ပိုင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြပြီး တောင်ပိုင်းခရိုင် အသင်းက နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ တောင်ပိုင်းခရိုင် ဘောလုံးအသင်းမှ အားကစားသမားများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ ဒုတိယဆုရ မြောက်ပိုင်းခရိုင်အသင်းမှ အားကစားသမားများကို စည်ပင်သာယာရေးဝန်ကြီးက လည်းကောင်း၊ အမျိုးသမီးဘောလုံးအသင်းတွင် ပထမဆုရမြောက်ပိုင်းခရိုင်ဘောလုံးအသင်းမှ အားကစားသမားများကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက လည်းကောင်း၊ ဒုတိယဆုရ တောင်ပိုင်းခရိုင်ဘောလုံးအသင်းမှ အားကစားသမားများကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုကတ်ပြားများ ပေးအပ်ချီးမြှင့်သည်။

အလားတူ တိုင်းဒေသကြီး ကျောင်းသား အားကစားပွဲတော် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲကို အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတို့၌ လည်းကောင်း ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**လဟယ် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ ရွှေပြည်သာအားကစားကွင်းနှင့် မာလာတောင်အားကစားခန်းမတို့၌ ကျင်းပလျက်ရှိသည်။



အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲသို့ နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ လဟယ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ဝင်းနှင့် အဖွဲ့ဝင်များ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးပေါင်ခုတို့ ကြည့်ရှုအားပေးကြသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၄ မျိုး ပါဝင်ပြီး ဘော်လီဘော (ကျား၊မ)၊ ပိုက်ကျော်ခြင်း၊ ကြက်တောင် (ကျား၊ မ)၊ သံလုံးပစ်(ကျား၊မ)၊ လွန်ဆွဲ (ကျား၊ မ)၊ ချောတိုင်တက်၊ စားပွဲတင် တင်းနစ်၊ မာရသွန် (ကျား)၊ မီနီမာရသွန်(မ)၊ ခေါင်းအုံးရိုက် ပြိုင်ပွဲများ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ယွန်း(မုံရွာကိုယ်ပွား)**

# ပြည်ကြီးတံခွန်နှင့် နောင်ချိုမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (က)ရပ်ကွက်၊ ၇၂ လမ်းနှင့် ၁၁၃ လမ်းထောင့်တွင် ထက်အာကာစိုး (ခ) အာကာ (ခ) အာမစ်ခန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းကိုင်ထားသည့် ပလတ်စတစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ သိမ်းဆည်းရမိပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် (က)ရပ်ကွက်၊ ၇၂(A)လမ်း၊ ၁၁၂x၁၁၃ လမ်းကြားရှိ မမျိုးနန္ဒအောင် (ခ)အစ်ကိုကြီး (ခ)ဘောပြား၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀ သိမ်းဆည်းရမိသည်။

အလားတူ ဇန်နဝါရီ ၅ ရက် ညနေ ၆ နာရီခွဲတွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျည်းရေကျေးရွာ ဒုဋ္ဌဝတီတံတား၊ နောင်ချို-ရပ်စောက်သွား ကားလမ်းတွင် ပြည့်ဖြိုးဇော်(ခ)ဘိုတုန် မောင်းနှင်ပြီး အောင်လှိုင်ထွန်း(ခ)ပြူးကျယ် လိုက်ပါလာသည့် cedric အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်၏ရှေ့ဘီးဝဲ/ယာ ရွှံ့ကာအတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅၃၀ သိမ်းဆည်းရမိခဲ့သည်။ **(အောက်ပုံ)**

ထို့အတူ ဇန်နဝါရီ ၅ ရက် ညနေ ၆ နာရီ၄၅ မိနစ်တွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စုမကျည်းရေကျေးရွာ ဒုဋ္ဌဝတီတံတား နောင်ချို-ရပ်စောက်သွားကားလမ်းတွင် ချိုတူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ရှေ့ယာဘက် ဒူးကာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကရာတေးကစားသမားများ စခန်းသွင်းလေ့ကျင့်၊ ပဏာမလူရွေးချယ်ရေး လက်ရည်စစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကရာတေးကစားသမားများ စခန်းသွင်းလေ့ကျင့်မှု ပဏာမလူရွေးချယ်ရေးလက်ရည်စစ်ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် အမှုဆောင်များ၊ အမှတ်ပေးအကဲဖြတ်များ တက်ရောက်ကြည့်ရှုသည်။

"ကျွန်တော်တို့ ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲနဲ့ နိုင်ငံတကာပြိုင်ပွဲတွေအတွက် စုဖွဲ့မှုတစ်ခုတည်းနဲ့ ပဏာမလူရွေးချယ်ရေး လက်ရည်စစ်ပြိုင်ပွဲခေါင်းစဉ်နဲ့ အကျဉ်းချုံးကျင်းပတာပါ။ မနေ့က "ခတ"၊ ဒီနေ့ က "ကုမိ"တဲ့ပါ၊ မနေ့က "ခတ" အမျိုးသမီး၊ အမျိုးသား ပြီးသွားပြီ၊ တစ်ဦးချင်းပဲ၊ အဲဒါကိုကျွန်တော်တို့ကပြန်ပြီးတော့ အမှတ်စဉ်နဲ့ လူရွေးချယ်မှာပါ၊ ဒီနေ့ကစားတာလည်း ဒီလိုပါပဲ၊ ဒီပွဲတွေမှာအနိုင်အရှုံးကို ထည့်စဉ်းစားသလို သူတို့ရဲ့စွမ်းဆောင်ရည်ကိုလည်း အဓိကထားပါတယ်"ဟု မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ၂၀၂၂ ခုနှစ်တွင် နေပြည်တော်၌ လူငယ်ကမ့်တစ်ခု ဖွဲ့စည်းလေ့ကျင့်ခဲ့ပြီး ရန်ကုန်နှင့်မန္တလေးတို့တွင်လည်း စုဖွဲ့မှုတစ်ခုဖြင့် လေ့ကျင့်လျက်ရှိကြောင်း၊ ထို့နောက် ရန်ကုန်မြို့ အောင်ဆန်းကွင်းတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိကြကြောင်း သိရသည်။

ပဏာမလူရွေးချယ်ရေးလက်ရည်စစ်ပြိုင်ပွဲတွင် ကစားသမားများ၏ နည်းစနစ်ကျွမ်းကျင်မှု၊ နည်းပရိယာယ်ကျွမ်းကျင်မှု၊ ကြံ့ခိုင်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ ဥပဒေကိုကျွမ်းကျင်စွာအသုံးချနိုင်မှု၊ ဥပဒေနားလည်မှု၊ လိုက်နာမှု စသည်ဖြင့် စည်းကမ်းသတ်မှတ်ချက်များဖြင့် ရွေးချယ်ရေးကော်မတီဖွဲ့ပြီး ရွေးချယ်သွားမည်ဖြစ်သည်။

ပဏာမလူရွေးချယ်ရေးလက်ရည်စစ်ပြိုင်ပွဲ၌ အသင်း ၁၄ သင်းမှ ကစားသမား ၃၄ ဦးတို့က ပြိုင်ပွဲအမျိုးအစား ၃၉ မျိုးတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြကြောင်း သိရသည်။

**ဇလစိုး**




❑ *ကျောဖုံးမှ*

ပထမအကျော့ သရေရလဒ်ကြောင့် ဗိုလ်လုပွဲတက်ရောက်ခွင့်ရရန် နှစ်သင်းစလုံး အခွင့်အရေးရှိနေဆဲဖြစ်ပြီး အိမ်ကွင်းကစားရမည့် ဗီယက်နမ်အသင်းက အခွင့်အရေးပိုသာနေသည်။ အင်ဒိုနီးရှားအသင်းသည် အိမ်ကွင်းပရိသတ်ရှေ့မှောက်တွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ အုပ်စုပွဲများတွင် ရှုံးပွဲမရှိ၊ ပေးဂိုးမရှိဘဲ အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ရောက်လာသည့် ဗီယက်နမ်အသင်းသည် အဝေးကွင်းတွင်လည်း ပေးဂိုးမရှိ စံချိန်ကို ဆက်ထိန်းနိုင်ခဲ့ပြီး သရေရလဒ် ရယူနိုင်ခဲ့သည်။

ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ ဒုတိယအကျော့ကို ဇန်နဝါရီ ၉ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ ဆီမီးဖိုင်နယ် ပထမအကျော့ (ဒုတိယနေ့) အဖြစ် ဇန်နဝါရီ ၇ ရက် **(ယနေ့)** ည ၇ နာရီတွင် မလေးရှားအသင်းနှင့် လက်ရှိချန်ပီယံ ထိုင်းအသင်းတို့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ – AFF**

# မီးသတ်တပ်ဖွဲ့ရဲ့ 191 Report လို့ခေါ်တဲ့ အက်ပလီကေးရှင်းတစ်ခုကို ဖန်တီးပြီး ဒီပြပွဲမှာ စတင်ပြီးတော့ မိတ်ဆက်လိုက်ပြီဖြစ်ပါတယ်

ဦးသိန်းထွန်းဦး(ညွှန်ကြားရေးမှူး)

*တွေ့ဆုံမေးမြန်း - ဟိန်းထက်ဇော်၊ ဇင်ဦး၊ ဓာတ်ပုံ - ဇော်ဦး*


ဒေါက်တာရင်ရင်လွင်


ဦးသိန်းထွန်းဦး


ကိုကောင်းဇော်


မသက်မှူးဇင်



မောင်ရဲထက်


မောင်ထွဋ်ဇင်လင်း

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ပြခန်းများအား ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်ပြသလျက်ရှိရာ ဌာနအလိုက်ပြခန်းများ ပြသထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာပြခန်းများမှ တာဝန်ရှိသူများနှင့် လာရောက်လေ့လာသူများ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။**

**ဒေါက်တာရင်ရင်လွင် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန**

ပညာရေးဝန်ကြီးဌာနက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ပြပွဲမှာ ဌာန တက္ကသိုလ် စုစုပေါင်း ၁၈ ခုကနေ ပါဝင်ပြသပါတယ်။ ပြခန်းနံရံတွေမှာ ပညာရေးဌာနအသီးသီးရဲ့ လုပ်ဆောင်ချက်တွေကို ဖော်ပြထားပါတယ်။ ကျွန်မတို့ဌာနအနေနဲ့ သင်ရိုးညွှန်းတမ်း kg+12 ရဲ့ သင်ရိုးညွှန်းတမ်းတွေကို ရေးဆွဲပေးရပါတယ်။ ရေးဆွဲတဲ့အါ မူ၊ လယ်၊ ထက် ဆိုပြီးရှိပါတယ်။ မူလတန်းကို JICA က နည်းပညာအထောက်အပံ့နဲ့ လုပ်ပါတယ်။ အလယ်တန်းနဲ့ အထက်တန်းတွေကိုတော့ ADB ရဲ့ ချေးငွေနဲ့ သင်ရိုးညွှန်းတမ်းတွေကို ပြုစုပါတယ်။ မူလတန်း Grade 1to 5၊ အထက်တန်း Grade 10 to 12 စနစ်နဲ့ သင်ရိုးတွေကို ပြုစုပါတယ်။ ယခုနှစ်မှာ Grade 9 နဲ့ Grade 12 ပဲ ကျန်ပါတော့တယ်။ အဲဒီတော့ ပြီးသွားတဲ့ Grade အသီးသီးရဲ့စာအုပ်တွေကို ဒီပြခန်းမှာ ပြသပါတယ်။ ကျောင်းသား ကျောင်းသူများအတွက် သင်ရိုးစာအုပ်အပြင် ဆရာတွေအတွက် ထုတ်ဝေထားတဲ့ ဆရာလမ်းညွှန် စာအုပ်တွေပါ ခင်းကျင်းပြသထားပါတယ်။ တိုင်းရင်းသား ဘာသာစကားဦးစီးဌာနအနေနဲ့လည်း ထုတ်ဝေထားတဲ့ စာအုပ်တွေကို ပြသတာအပြင် ရောင်းချပေးပါသေးတယ်။ အဆင့်မြင့်ပညာဦးစီးဌာနက သုတေသနပြခန်း၊ အဓိက အဏ္ဏဝါနဲ့ ပတ်သက်တဲ့ ပြခန်းတွေထဲမှာ မြိတ်တက္ကသိုလ်က လာရောက်ပြသတဲ့ ပြခန်း၊ စစ်တွေတက္ကသိုလ်က လာရောက်ပြသတဲ့ အဏ္ဏဝါပြခန်း၊ ပုသိမ်အဏ္ဏဝါပြခန်းအပြင် ဒဂုံတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်က လာရောက်ပြသတဲ့ ပြခန်းတွေနဲ့ စပါးခွံနဲ့ အုတ်ဖုတ်တဲ့ နည်းစနစ်ပြကွက်တွေ ရှိပါတယ်။ ပြခန်းကို ကျောင်းသား ကျောင်းသူလေးတွေ စိတ်ဝင်စားမှုအပြည့်နဲ့ လေ့လာကြည့်ရှုတဲ့အပြင် စာအုပ်စာစောင်လေးတွေကို ဝယ်ယူအားပေးကြတာလည်း ရှိပါတယ်။ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မှာ ပညာရေးဌာနတွေအနေနဲ့ တစ်တပ်တစ်အား ပါဝင်ပြသခွင့်ရတဲ့အတွက် ပညာရေးတင်မကဘဲ ပြည်သူလူထုအားလုံးကို သိစေချင်တာတွေ ဖြန့်ဝေခွင့်ရတာလည်း အများကြီး ကျေးဇူးတင်ပါတယ်။

**ဦးသိန်းထွန်းဦး(ညွှန်ကြားရေးမှူး) မီးသတ်ဦးစီးဌာန**

ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနပြခန်းမှာတော့ လက်အောက်ခံဌာနကြီး ငါးခုဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနဲ့ မီးသတ်ဦးစီးဌာနတို့ စုပေါင်းပြီးတော့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုတဲ့ ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တာဝန်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ဌာနကတော့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို အဓိကထားပြီး ပရဟိတစိတ်ကို အခြေခံပြီး ဆောင်ရွက်ရတဲ့ဌာနဖြစ်တဲ့အတွက် ပြည်သူလူထုနဲ့ အနီးဆုံးမှာလည်းရှိတယ်။ ပြည်သူလူထုတွေမှာ ကြုံတွေ့ရတဲ့ ဘေးအန္တရာယ်တွေကို ကူညီဆောင်ရွက်ပေးခဲ့မှာဆိုရင် ၇၆ နှစ်ရှိခဲ့ပါပြီ။ အခုလိုမျိုး ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်နေတာတွေကို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယမှာ ဝန်ကြီးဌာနကိုယ်စားပြု ပြသတာ ဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာန ပြခန်းမှာတော့ မီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခဲ့မှု၊ လေ့ကျင့်ခဲ့မှု ဓာတ်ပုံမှတ်တမ်းတွေ၊ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေတွေ၊ မီးဘေးလုံခြုံရေးနဲ့ ဆိုင်တဲ့ မီးသတ်တပ်ဖွဲ့သုံး ခေတ်မီအသုံးအဆောင်တွေ၊ ဝတ်စုံတွေကို ခင်းကျင်းပြသထားပါတယ်။ တစ်ဖက်မှာလည်း ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတွေကို နည်းပညာခေတ်နဲ့အညီ နိုင်ငံတကာ မီးသတ်တပ်ဖွဲ့တွေက ဆောင်ရွက်နေသလိုပဲ ကျွန်တော်တို့မီးသတ်တပ်ဖွဲ့ရဲ့ 191 Report လို့ခေါ်တဲ့ အက်ပလီကေးရှင်းတစ်ခုကို ဖန်တီးပြီး ဒီပြပွဲမှာ စတင်ပြီးတော့ မိတ်ဆက်လိုက်ပြီဖြစ်ပါတယ်။ ဒီအက်ပလီကေးရှင်းရဲ့ ရည်ရွယ်ချက်ကတော့ လူတိုင်းရဲ့ လက်ထဲမှာ ရောက်ရှိနေပြီးတော့ တစ်ခုခု အရေးပေါ် အကူအညီလိုအပ်တယ်ဆိုရင် မီးသတ်တပ်ဖွဲ့ကို အရင်ဆုံး သတိရပြီး မီးသတ်တပ်ဖွဲ့ရဲ့ Command and Control Centre ဆီကို ဆက်သွယ်နိုင်အောင် ဆောင်ရွက်ပေးထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ Control စင်တာကနေတစ်ဆင့် အနီးစပ်ဆုံး မီးသတ်တပ်ဖွဲ့စခန်းတွေဆီကို ဆက်သွယ်ပြီး လိုအပ်တဲ့ အကူအညီတွေပေးနိုင်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။

**ကိုကောင်းဇော် (ရွှေမှုံသနပ်ခါးထုတ်လုပ်ရေး) ပြည်ထောင်စုနယ်မြေဒေသထွက်ကုန်ပစ္စည်းများ အရောင်းပြခန်း**

ကျွန်တော်ကတော့ ဒီလို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယမှာ ကျင်းပတဲ့ ပြပွဲမှာ ကျွန်တော့်ရဲ့ ပျဉ်းမနားစက်ရုံကနေ ကိုယ်တိုင်ထုတ်လုပ်ထားတဲ့ မြန်မာ့ရိုးရာ ရွှေမှုံသနပ်ခါးကို နေပြည်တော်ဒေသထွက်ကုန် ပစ္စည်းအနေနဲ့ ဝင်ရောက်ပြသရောင်းချပေးတာ ဖြစ်ပါတယ်။ ဒီပြပွဲမှာ ဝင်ရောက်ပြသရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ မြန်မာတို့ရဲ့ လွတ်လပ်ရေးနေ့ အချိန်အခါမှာ မြန်မာတို့ရဲ့ ရိုးရာယဉ်ကျေးမှု ထုတ်ကုန်ဖြစ်တဲ့ မြန်မာ့သနပ်ခါးကို အရည်အသွေးတိုးတက်အောင် ထုတ်လုပ်ထားတဲ့ အဆင့်မြင့်ထုတ်ကုန်တွေကို ဒီလွတ်လပ်ရေးနေ့ အခမ်းအနားမှာပဲ ဂုဏ်ယူစွာ စတင်မိတ်ဆက် ထုတ်ဖော်ပြသတာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော့်ရဲ့ မြန်မာ့သနပ်ခါးထုတ်ကုန်ကို နိုင်ငံတကာက လက်ခံနိုင်တဲ့ အဆင့်မြင့်အလှကုန်ပစ္စည်းအဖြစ်နဲ့ ထုတ်လုပ်ပြီးတော့ ပြည်ပအထိတင်ပို့နိုင်အောင် ကြိုးစားနေပါတယ်။ နောက်ပြီးတော့ မြတ်စွာဘုရားရှင်လက်ထက်ကတည်းက ရှိခဲ့တဲ့ နံ့သာငါးပါးကို တန်ဖိုးထားတဲ့အနေနဲ့ ၂၀၁၇ ခုနှစ်ကနေစတင်ပြီးတော့ မြန်မာ့ရိုးရာ သနပ်ခါးထုတ်ကုန်တွေကို ထုတ်လုပ်လာခဲ့တာ အခုနှစ်ဆိုရင် ထုတ်ကုန် ၁၀ မျိုးလောက်အထိ တိုးတက်ပြီး ထုတ်လုပ်ထားပါတယ်။ ပြည်ပက အလှကုန်ပစ္စည်းတွေဘယ်လောက်ပဲ ဝင်ရောက်လာသည်ဖြစ်စေ ကျွန်တော်တို့ မြန်မာတွေက သနပ်ခါးကို တန်ဖိုးထားတတ်ကြတဲ့ လူမျိုးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ပိုပြီးတော့ တန်ဖိုးထားတယ်။ နောက်ပြီးတော့ ကျွန်တော်တို့လို အသေးစား၊ အလတ်စားလုပ်ငန်းရှင်တွေကိုလည်း နိုင်ငံတော်အနေနဲ့ အကူအညီတွေ အများကြီး ပေးစေချင်ပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာ့ထုတ်ကုန်ကို ပြည်ပအထိ ဈေးကွက်ထိုးဖောက်နိုင်ဖို့ဆိုရင် နိုင်ငံတော်ရဲ့ အထောက်အပံ့များစွာလိုအပ်ပါတယ်။

**မသက်မှူးဇင် (အထက ၁၈၊ ဒက္ခိဏ) (Grade 9)**

တပေါင်းကွင်းမှာ ကျင်းပနေတဲ့ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ပြပွဲက ပြခန်းတွေကို ကျောင်းက ဆရာ ဆရာမကြီးတွေရဲ့ အုပ်ထိန်းမှုနဲ့ လေ့လာခွင့်ရခဲ့ပါတယ်။ ပြခန်းတွေထဲမှာ တိုင်းရင်းသားပြခန်းတွေ၊ ဝန်ကြီးဌာနပြခန်းတွေကို လေ့လာခဲ့ပါတယ်။ အဲဒီပြခန်းတွေထဲကနေ စိတ်အဝင်စားဆုံး ပြခန်းကတော့ ကာကွယ်ရေးဝန်ကြီးဌာနပြခန်း၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနပြခန်းနဲ့ တိုင်းရင်းသားပြခန်းတွေထဲမှာ မွန်ပြည်နယ်ပြခန်းနဲ့ တနင်္သာရီတိုင်းဒေသကြီးပြခန်းတွေပဲ ဖြစ်ပါတယ်။ ဒီပြခန်းတွေကို လေ့လာရတာ အားမရသေးတဲ့အတွက် မိသားစုနဲ့နောက်တစ်ကြိမ် ထပ်မံလာရောက်လေ့လာဦးမှာပါ။ သူငယ်ချင်းတွေကိုလည်း လာရောက်လေ့လာကြပါလို့ ပြောချင်ပါတယ်။

**မောင်ရဲထက် (အထက ၁၈) (Grade 9)**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ပြခန်းတွေမှာ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုတွေ၊ ရိုးရာအကတွေနဲ့ တိုင်းရင်းသားရိုးရာ အစားအစာတွေကို ထိတွေ့ခွင့်ရတာ ဝမ်းသာမိပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ကြီး လွတ်လပ်ရေးရအောင် ဘယ်လိုကြိုးပမ်းခဲ့ကြတာလဲဆိုတာ၊ ခေါင်းဆောင်ကြီးတွေ ဘယ်လို တိုက်ပွဲဝင်ခဲ့ကြတာလဲ ဆိုတာတွေ သေချာပြသထားတာ တွေ့ရပါတယ်။ ပြခန်းတွေကအစုံပါပဲ။ အဲဒီထဲက ပြည်ထဲရေးဝန်ကြီးဌာနပြခန်းက မီးသတ်ဦးစီးဌာနပြခန်းကို စိတ်ဝင်စားပါတယ်။ ဗဟုသုတတွေ အများကြီးရတဲ့အတွက် လာရောက်လေ့လာကြပါလို့ ပြောချင်ပါတယ်။ နောက်ရက်တွေမှာလည်း လာရောက်လေ့လာပါဦးမယ်။ အခုလို အခမ်းအနားကြီးလုပ်ပေးတဲ့အတွက် တာဝန်ရှိသူ အသီးသီးကိုလည်း ကျေးဇူးအများကြီး တင်ပါတယ်။

**မောင်ထွဋ်ဇင်လင်း (အထက ၁၄) (ရွှေကြာပင်)**

ကျွန်တော်လေ့လာလို့ အကြိုက်ဆုံးပြခန်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်းက ပြတဲ့ပြကွက်တွေပဲဖြစ်ပါတယ်။ သူငယ်ချင်းတွေနဲ့အတူ ဆရာ ဆရာမတွေက လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြခန်းအလိုက် ဂိမ်းတွေဖန်တီးပေးထားတဲ့အတွက် ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါ ဆုတွေအနေနဲ့ လက်ဆောင်ပစ္စည်းတွေရရှိပါတယ်။ အရင်နှစ်က ဒီတပေါင်းကွင်းမှာပြသခဲ့တဲ့ လွတ်လပ်ရေးနေ့ပြခန်းတွေကိုလည်း လာရောက်လေ့လာခဲ့ဖူးပါတယ်။ ဒီနှစ်ကတော့ ပိုပြီးပြည့်စုံလာတာ တွေ့ရပါတယ်။ နောက်ရက်တွေမှာလည်း ထပ်ပြီးလာရောက်လေ့လာဦးမှာပါ။

---

## ဆင်ပေါင်ဝဲမြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုပေးပွဲကျင်းပ

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကို မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ဇန်နဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်သည်။

အခမ်းအနားတွင် အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသားကျောင်းသူလေးများက “မြန်မာ့ကျောင်းသား”သီချင်းဖြင့် သီဆိုဖွင့်လှစ်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်စိန်က ပညာရေးဆိုင်ရာများကို ဆွေးနွေးသည်။ ထို့နောက် အခြေခံပညာကျောင်းများအလိုက် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တို့တွင် ကာယ/ဉာဏ ထူးချွန်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

ယခုတစ်ပတ်မှာတော့ လိဂ်ပွဲစဉ်တွေကို ရပ်နားထားပြီး အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ စပါးနဲ့ ပို့စ်မောက်၊ ပဲလေ့စ်နဲ့ ဆောက်သမ်တန်၊ မန်စီးတီးနဲ့ ချယ်ဆီး၊ အော့စ်ဖို့ဒ်နဲ့ အာဆင်နယ်အသင်းတို့ ဆုံတွေ့နေတယ်။

# ပရီမီယာလိဂ်ရှုံးကြွေးကို အက်ဖ်အေမှာ ပြန်ဆပ်မယ့် ချယ်ဆီး

■ မိုးဇက် – စုစည်းသည်



## စပါး VS ပို့စ်မောက်

စနေည | အက်ဖ်အေ | ၇ နာရီ

ပို့စ်မောက်က လိဂ်ဝမ်းမှာ ကစားနေပြီး ခြေစွမ်းကောင်းမွန်မှုမရှိဘူး။ စပါးက ပြီးခဲ့တဲ့ပွဲမှာ ပြိုင်ဘက်ကို လေးဂိုးပြတ်အနိုင်ရထားသလို တိုက်စစ်ကစားသမား ကိန်း ဂိုးသွင်းခြေပြန်ရလာတာကြောင့် ယခုပွဲမှာ စပါးအောင်ပွဲခံမယ်။

## ဘရန့်ဖို့ဒ် VS ဝက်စ်ဟမ်း

တနင်္ဂနွေနံနက် | အက်ဖ်အေ | ၁၂ နာရီ

ပရီမီယာလိဂ်အသင်းချင်း တွေ့ဆုံတဲ့ပွဲစဉ်ဖြစ်ပြီး နောက်တစ်ဆင့်တက်ရေးအတွက် ခြေကုန်ထုတ်လာမှာပါ။ ခြေစွမ်းကျနေတဲ့ ဝက်စ်ဟမ်းထက် ပြီးခဲ့တဲ့ ပွဲမှာ လီဗာပူးလိုအသင်းကြီးကို ဂိုးပြတ်အနိုင်ရရှိထားတဲ့ ဘရန့်ဖို့ဒ်အနိုင်ရရှိမယ်။

## ဘုန်းမောက် VS ဘန်လေ

စနေည | အက်ဖ်အေ | ၉ နာရီခွဲ

ဘုန်းမောက်အသင်းက ပရီမီယာလိဂ်မှာ ရလဒ်ဆိုးတွေ ဆက်တိုက်ကြုံတွေ့နေပြီး ပြိုင်ဘက်ဘန်လေက ချန်ပီယံရှစ်ကို ဦးဆောင်ထားတယ်။ ဒါ့အပြင် တိုက်စစ်က ထက်မြက်မှုရှိပြီး ခံစစ်ကလည်း ကျစ်လျစ်တာကြောင့် ဘန်လေနိုင်မယ်။

## လီဗာပူး VS ဝုဖ်

တနင်္ဂနွေနံနက် | အက်ဖ်အေ | ၂ နာရီခွဲ

လီဗာပူးက ပြိုင်ဘက်ကို ဂိုးကန်သွင်းမှုအသာ၊ ဘောလုံး ပိုင်ဆိုင်မှုအသာဖြင့် ကစားထားနိုင်ပေမယ့် ရရှိလာတဲ့အခွင့်အရေးကို ဂိုးအဖြစ်ပြောင်းလဲနိုင်မှု အားနည်းတယ်။ ဒါပေမယ့် ခြေစွမ်းကျနေတဲ့ ဝုဖ်ကို လီဗာပူး အနိုင်ရမယ်။

## မန်စီးတီး VS ချယ်ဆီး

တနင်္ဂနွေည | အက်ဖ်အေ | ၁၁ နာရီ

အသင်းကြီးအချင်းချင်းတွေ့ဆုံတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ မန်စီးတီးက ချယ်ဆီးအသင်းထက် တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းမှာ သာလွန်နေတာတွေ့ရတယ်။ သို့သော်လည်း အဆုံးသတ်မသေချာရင် ချယ်ဆီးနိုင်မယ်။

## အော့စ်ဖို့ဒ် VS အာဆင်နယ်

အင်္ဂါနံနက် | အက်ဖ်အေ | ၂ နာရီခွဲ

ဒီရာသီမှာ အာဆင်နယ်ရဲ့ခြေစွမ်းက တည်ငြိမ်ပြီး ကျစ်လျစ်မှုရှိတယ်။ ပြိုင်ဘက်အော့စ်ဖို့ဒ်အသင်းက လိဂ်ဝမ်းမှာကစားနေပြီး ခြေစွမ်းသာမန်သာ ရှိတယ်။ ပုံမှန်ခြေစွမ်းအောက်မရောက်ရင် အာဆင်နယ် ဂိုးပြတ်ဖွယ်ရှိတယ်။

# ပရီမီယာလိဂ် ပွဲစဉ် (၁၉) မှာ ချယ်ဆီးကို အနိုင်ရရှိခဲ့သည့် မန်စီးတီး

ပရီမီယာလိဂ်ပွဲစဉ် (၁၉) မှ ချယ်ဆီးနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက စတန်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် မာရက်ဇ်က သွင်းယူပေးခဲ့သည်။ ပြိုင်ဘက်ချယ်ဆီးအသင်းသည် ယခုပွဲစဉ်တွင် မန်စီးတီးအသင်းဘက်သို့ တုံ့ပြန်ကစားပုံကောင်းမွန်မှုရှိခဲ့သော်လည်း နိုင်ပွဲရသည်အထိ လုံလောက်သည့်စွမ်းဆောင်မှုမျိုး ထုတ်ပြ နိုင်ခြင်း မရှိခဲ့ချေ။ မန်စီးတီးအသင်းက ယခုအနိုင်ပွဲကြောင့် ၁၇ ပွဲကစားပြီး ရမှတ် ၃၉ မှတ်ဖြင့် ဦးဆောင်သူ အာဆင်နယ်အသင်းကို ထက်ကြပ်မကွာဖိအားပေးနိုင်ခဲ့ပြီး ချယ်ဆီးအသင်းက ယခုအရှုံးပွဲကြောင့် ၁၇ ပွဲကစားပြီး ရမှတ် ၂၅ မှတ်သာ ရရှိထားသေးသည်။

ချယ်ဆီးနှင့် မန်စီးတီးအသင်းတို့သည် တနင်္ဂနွေနေ့ ညပိုင်းတွင်လည်း အက်ဖ်အေဖလားပြိုင်ပွဲ၌ ထပ်မံယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

# ဘိုင်ယန်မြူးနစ်သို့ ဘလင်း ပြောင်းရွှေ့



အိုင်းယက်စ်ခံစစ်ကစားသမားဟောင်း ဒါလေဘလင်းသည် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရာသီကုန်အထိ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် ဘလင်းသည် အိုင်းယက်စ်အသင်းနှင့် ၎င်း၏ စာချုပ်ကို ခြောက်လစောပြီး ဖျက်သိမ်းရန် ဒီဇင်ဘာလက သဘောတူခဲ့ကြောင်း သိရသည်။ ၎င်းသည် အိုင်းယက်စ်အကယ်ဒမီသို့ အသက် ရှစ်နှစ်အရွယ်တွင်စတင်ရောက်ရှိခဲ့ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၃၃ ပွဲ ပါဝင်ကစားထားသူ ဖြစ်သည်။ မန်ယူအသင်းအတွက်လည်း ၂၀၁၄ ခုနှစ် ၂၀၁၈ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၁၄၁ ပွဲ ပါဝင်ကစားထားသည်။

# မိုနာကိုမှ ဘီနေ့ာသ်ကို ချယ်ဆီး ခေါ်ယူ



မိုနာကိုအသင်းမှ ပြင်သစ်ခံစစ်ကစားသမား ဘီနေ့ာသ်ကို ပေါင် ၃၅ သန်းနှင့်အတူ ခုနစ်ခွဲစာချုပ်ဖြင့် ချယ်ဆီးအသင်းခေါ်ယူလိုက်ပြီ ဖြစ်သည်။

အသက် ၂၁ နှစ်အရွယ် ဘီနေ့ာသ်သည် မိုနာကိုအသင်း၌ ငါးနှစ်ကြာ ဖြတ်သန်းထားသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၁၃၅ ပွဲ ပါဝင်ကစားထားသည်။ ချယ်ဆီးအသင်း၏ လက်ရှိအသင်းခံစစ်ကစားသမားစာရင်းတွင် ဖိုဖာနာ၊ ရေစီဂျိမ်းစ်နှင့် ဘင်ချီဝဲလ်တို့ ဒဏ်ရာရနေသည်။ ၎င်းသည် ပြင်သစ်အသင်းနှင့် ပွဲဦးထွက်ပွဲစဉ်ကို စက်တင်ဘာလက ဩစတြီးယားအသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့သည်။

## နောက်ဆုံးရသတင်းတိုများ

- ပဲလေ့စ်ဂိုးသမား ဘတ်လန်း အိုးထရက်ဖို့ဒ်သို့ အငှားပြောင်းရွှေ့မည်။ ဒူဗရာကာ အငှားသက်တမ်းကုန်ဆုံးပြီးနောက် နံပါတ် ၂ ဂိုးသမားအဖြစ် အစားထိုးခေါ်ယူမှုဖြစ်သည်။
- စီးရီးအေပွဲစဉ် (၁၆) တွင် နာပိုလီ၏ ရှုံးပွဲမရှိမှတ်တမ်းကို အင်တာမီလန်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူပြီး ချိုးဖျက်နိုင်ခဲ့သည်။
- အန်ဇိုဖာနန်ဒက်ဇ်အား ချယ်ဆီး၏ ပထမဆုံးအကြိမ် ကမ်းလှမ်းမှုကို ဘာစီလိုနာအသင်း ပယ်ချလိုက်သည်။

## ASB Classic ပြိုင်ပွဲမှ ဒဏ်ရာကြောင့် ရာဒူကာနူ ထွက်ခွာခဲ့ရ

အသက် ၂၀ အရွယ် အမ်မာရာဒူကာနူသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲမစတင်မီ ၁၁ ရက်အလို ASB Classic ပြိုင်ပွဲ ဒုတိယအဆင့်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ပြီး ဆက်လက်ယှဉ်ပြိုင်ကစားနိုင်ခြင်းမရှိသောကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။ ၎င်းသည် အဆိုပါ ပြိုင်ပွဲ၌ ပြိုင်ဘက် စလိုဗက်ကီးယား တင်းနစ်မယ် ကုဇ်မိုဗာကို ပထမပွဲငယ်တွင် ၆–၀ ဖြင့် အနိုင်ရရှိပြီး ဒုတိယပွဲငယ်တွင် ၇–၅ ဖြင့် ရှုံးနိမ့်ခဲ့သည်။

တတိယပွဲငယ်ယှဉ်ပြိုင်မကစားမီတွင် ဆေးကုသမှုခံယူခဲ့ရပြီး ဒဏ်ရာကြောင့် ဆက်လက်ယှဉ်ပြိုင်ကစားနိုင်ခြင်း မရှိတော့သည့်အတွက် ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ ရာဒူကာနူသည် ၂၀၂၁ ခုနှစ်က ယူအက်စ်အိုးပင်းဖလား ဆွတ်ခူးရရှိပြီးနောက် ဒဏ်ရာအနာတရများဖြင့် မကြာခဏရုန်းကန်ရလေ့ရှိသူဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကလည်း ငါးပွဲသာ ကစားခဲ့ရကာ ဒဏ်ရာကြောင့် အနားယူခဲ့ရသည်။ ၎င်းသည် ASB Classic ပြိုင်ပွဲ ပထမအဆင့်တွင် ချက်တင်းနစ်မယ် ဖရူဗီတိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ၄–၆၊ ၆–၄၊ ၆–၂ ဖြင့် အနိုင်ရရှိထားသည်။



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၁-၂၀၂၃ စနေနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်ရေးတော် (**ဗောဇ္ဈင်္ဂသုတ်**)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၁၅** Weekly Sports Info
**၀၈:၁၅** 'ဒီမိုကရေစီဆိုသည်မှာ'
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၄၅** ခံတွင်းမြိန်စရာ သူ့လက်ရာ '**တစ်ကုန်းမြို့ကြက်ပျော့ဖူးထမင်းချဉ်သုပ်**'
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဒါဏ်ဒါဏ်အချစ်ချိုချို**' (အပိုင်း ၁၅)
**၁၃:၃၀** MRTV National News
**၁၄:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ အောင်ပွဲမကျိုင်ရင်ဆိုင်ချိတက်(အပိုင်း ၂၃)
**၁၆:၁၅** ပုံပြင်ကမ္ဘာ 'ပညာသည်သာအရာရာ'
**၁၆:၄၅** ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၁၅** ရှုလေမြင်လေကမ္ဘာမြေ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာ...သီရိဂေဟာ
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ "**အတိုးမပေးတဲ့...နှီးလေး**" (အပိုင်း-၂၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** နိပါတ်တော်လာဇာတ်သဘင်မဟာ '**သောတ္ထိသေနသမ္ဗုလ**'

**mitv**

**07:01** Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
**07:08** Weekly Review
**07:25** Graffiti: Character Art
**07:29** Listening Pleasure, Instrumental Music (Don Min) Kyay Say Ta Man (Love Messenger)
**07:42** Myanmar Designer Studio: Thura Lin
**08:01** News
**08:27** Thilawa SEZ Thriving Model Special Economic Zone
**08:55** Quiz Time
**10:01** News
**08:50** Healthy Diet: Detox Water
**09:01** Quiz Time
**10:01** News
**10:27** Bamboo Fashion in Style
**10:37** Yay Pyan Taung Waterfall

**MRTV NRC**

**ချင်း (ဖလိုင်စိုး) (၆:၀၀ မှ ၇:၀၀ ထိ)**
ဝက်ယူစံထား ဘောလုံးသမားဆလိုင်းလာလ်ကျဲအိုလွယ်

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀ ထိ)**
ပဲရင်းထောင်းနှင့်နွားနောက်သားခြောက်

**မွန် (၀၈:၀၀ မှ ၁၀:၀၀ ထိ)**
ချစ်စရာ ရိုးရာအိမ်

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀ ထိ)**
ပြုံးပဒေသာ(မှတ်ဖျလ်လာစိန်ဓမ)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀ ထိ)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၈)

**'ဝ' (၁၄:၀၀ မှ ၁၆:၀၀ ထိ)**
ပျော်ရွှင်စရာ 'ဝ' ရိုးရာ စကောထမင်းဝိုင်း

**ကချင် (၁၆:၀၀ မှ ၁၈:၀၀ ထိ)**
ကချင်ချောင်းသာသို့ အလည်တစ်ခေါက်

**ကယား (၁၈:၀၀ မှ ၂၀:၀၀ ထိ)**
ပုဒ္ဓတစ်ထောင်အကောက်တောင်

**ဗကောကရင် (၂၀:၀၀ မှ ၂၁:၀၀ ထိ)**
ရသေ့ပုံပြင်

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀ ထိ)**
ကျန်းမာအောင် အသက်ရှင်နေထိုင်ခြင်း

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀ ထိ)**
ဘိုးဘိုးကြီးနှင့် ယုံကြည်ကိုးကွယ်မှု

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၈:၄၅** Weekly International News
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၁၅** ကြည့်ရှုဖွယ်ရာ ရှုနိုင်ငံတစ်ခွင် (အပိုင်း-၂)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၄:၂၀** '(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ'
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**တောင်းပန်ပါတယ်**"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၈
**၁၁:၀၀** တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၇:၀၀** 'ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်'
**၀၇:၁၅** သဘာဝအတိုင်းပုစွန်မွေးမြူခြင်းနှင့် သိပ္ပံနည်းကျပုစွန်မွေးမြူခြင်းလုပ်ငန်း
**၀၇:၄၅** လုပကျန်းမာသောသီးနှံများနှင့်မြို့ထိလာ
**၀၈:၀၀** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၈:၅၀** မြန်မာ့တော်ဝင်ထန်းလျက်
**၀၉:၁၅** အကျိုးများဖို့လေ့လာစရာ ရိတ်သိမ်းချိန်လွန် နည်းပညာ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** SPORT News
**၀၇:၃၀** Soccer View/Weekly Sports Info/Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၁၈:၀၀** ပြန်လည်ခံစား မြန်မာနယ်ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရွှေညောင်ပင်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်ရာဇာပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်ရှိ ရွာမကျောင်းတိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ သာယာကုန်း ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလဲကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ လယ်တီပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာဝိဇယရံသီစလေကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ဝေဘာလီဂန္ဓာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကံဦးဇေတဝန်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ အောင်မြေဘုံသာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **သတင်းစဉ်**



## ညောင်လေးပင်မြို့၌ တတိယအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားစွာကျင်းပ

**ညောင်လေးပင် ဇန်နဝါရီ ၆** – ညောင်လေးပင်မြို့ မြို့မ(၂)ရပ်ကွက်လုံးဆိုင်ရာ ဗုဒ္ဓပမုခသံဃိကဒါန အင်္ဂါ ဆွမ်းလောင်းအသင်းက ကြီးမှူး၍ တတိယအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ဇန်နဝါရီ ၄ ရက်က မြို့မ (၂) ရပ်ကွက်၌ ကျင်းပသည်။ အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဝင် (၂) ဦးဇော်မင်းယု၊ အင်္ဂါဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ညောင်လေးပင်မြို့ပေါ်ရှိ ကျောင်းပေါင်း ၃၉ ကျောင်းမှ သံဃာတော်များ လိုက်ပါသော မော်တော်ယာဉ်များက မြို့မ(၂) ရပ်ကွက်အတွင်းရှိ လမ်းပေါင်း ၁၅ လမ်းသို့ လှည့်လည်အလှူခံကြသည်။ **နေလင်း(ညောင်လေးပင်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၁ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၁၆၇၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၁၆၅၄၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၄၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၃၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၃၀ ကျပ် | ၂၂၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၀ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၄၅ ကျပ် | ၁၉၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၁၀ ကျပ် | ၂၀၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၀၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၈ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၆၇၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၂ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၆ . ၈၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၆ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၈၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၃၀၆ | ၂၆၆၂၂၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၃၅၃၇ | ၁၁၆၇၃၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀၀ | ၁၉၀၀၀ | ၃၅၀ | ၆၅၀၈၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၃ | ၁၄၇၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# သာပေါင်းမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကျင်းပ

**သာပေါင်း ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အလေးပြုအခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက်က စည်ပင်သာယာပန်းခြံ၊ လွတ်လပ်ရေးကျောက်တိုင်အသစ်ရှေ့၌ ကျင်းပသည်။

နိုင်ငံတော်အလံတင် အလေးပြုအခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြို့နယ်ရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အလံတင်ပြီးနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှပေးပို့သည့် စိန်ရတုလွတ်လပ်ရေးနေ့ သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမင်းဇော်ထိုက်က ဖတ်ကြားသည်။ ယင်းနောက် စာစီစာကုံးနှင့်ကဗျာ ပြိုင်ပွဲများတွင် အထက်တန်းဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများအဖြစ် ချောတိုင်တက်ပွဲ၊ မြေပြင်တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ဖူဆယ်၊ တာဝေးပြေး(ကျား-ကြီး)၊ တာဝေးပြေး(ကျား-လတ်)၊ တာတိုပြေး(မ-လတ်)၊ တာတိုပြေး(မ-ငယ်)၊ စက်ဘီးစီး(အနှေး)၊ အာလူးကောက်(ကျား-ငယ်)၊ အာလူးကောက် (မ-ငယ်)၊ အိတ်စွပ်(ကျား-ငယ်)၊ အိတ်စွပ်(မ-ငယ်)၊ ကြက်ခွပ်၊ မုန့်စား (ကျား၊မ)၊ ဆန်ကောရွက်၊ ပိုက်ကျော်ခြင်း၊ အပ်နဖားထိုး စသည့်ပြိုင်ပွဲများတွင် ပြည်သူများ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစား စက်မှုလုပ်ငန်း၊ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ) ၌ ဇန်နဝါရီ ၃ ရက်က (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် စက်ရုံမှူးနှင့် ဝန်ထမ်းများ အားကစားပြိုင်ပွဲ ပြုလုပ်စဉ်။ သတင်းစဉ်



# မင်းလှမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**မင်းလှ ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် အမှတ်(၇) ရပ်ကွက် တောင်ဘက်မြို့သစ်(၁) လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်ခြင်းကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှဌေးတို့က အမှာစကားပြောကြားပြီး လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်သီတာဝင်းက တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် ကွန်ကရစ်လမ်းသစ်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးကျော်မင်းဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လမ်းကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ လမ်းသစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၄ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အရှည် ၅၃၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၈ လက်မရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းပြေ၏။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(၂၂၁)၊ ဧရိယာ ဝ ဒသမ ဝ၈၂ ဧကရှိ ဒေါ်ပျိုပု (ဘ) ဦးစံမြအမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မလေး (ဘ)ဦးမန်းကောင်း ၁၄/လပတ(နိုင်) ၁၃၅၁၆၅ မှ မြေပေးမိန့်၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၉၃/၂၀၂၂၊ ကျမ်းကျိန်ဆိုလွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်နှင့် ခြံစည်းရိုးကာရံခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/7054, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးဉာဏ်ရွှေ ၆/ထဝန(နိုင်)၀၁၆၃၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

# ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ဘားအံ ဇန်နဝါရီ ၆**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၅ ရက်က အဆိုပါတက္ကသိုလ် ငုရွှေဝါခန်းမ၌ ကျင်းပရာ ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေး၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ တက်ရောက်သည်။

ဦးစွာ ဘားအံတက္ကသိုလ်ပါမောက္ခချုပ်က ကျောင်းသား ကျောင်းသူများအနေဖြင့် ယာဉ်မတော်တဆဖြစ်စဉ်များကြောင့် ထိခိုက် ဒဏ်ရာရရှိမှု၊ အသက်ဆုံးရှုံးမှု၊ လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ရသည့်အတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို သိရှိနိုင်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁၀) ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲမှူးဟန်မွေးက ယာဉ်မတော်တဆမှုဖြစ်စေသော အကြောင်းအရာများ၊ မော်တော်ကား (သို့မဟုတ်) ဆိုင်ကယ်မောင်းနှင်သူများနှင့် လိုက်ပါစီးနင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်မမောင်းမီ စစ်ဆေးရမည့်ပစ္စည်းများကို လည်းကောင်း၊ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်စုံအောင်က ယာဉ်အန္တရာယ် လမ်းအန္တရာယ်အကြောင်း အသိပေးဟောပြောရာ ဟောပြောပွဲသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

**ဇော်ဘီ**




## ကြော်ငြာစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)**
**သံတွဲခရိုင်တရားရုံးတော်**
**၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် (၅)**
**ကွယ်လွန်သူ ဦးအုန်းလွင်၊ ဒေါ်မြင့်လေးရီတို့၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ်၊ ကျိန္တလီမြို့၊ အမှတ်(၂)ရပ်ကွက်၊ကိုယ့်မင်းကိုယ့်ချင်းလမ်း၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအုန်းလွင်နှင့် ဒေါ်မြင့်လေးရီ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်အေးမြတ်သူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၁၆)ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအုန်းလွင်နှင့် ဒေါ်မြင့်လေးရီ၏ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက်(၁၃၈၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်အေးမြတ်သူ ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၂)ရက် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**သံတွဲခရိုင်တရားရုံး**

## အသိပေးကြေညာခြင်း

ကိုလာဘ်လာဘ်ဟိန်း ၁၂/မဂတ(နိုင်)၁၉၄၀၂၁ နှင့် မစုယမင်းအေး ၁၂/မဂတ(နိုင်)၁၀၁၆၁၃) တို့သည် လင်မယားအတူ ပေါင်းသင်းနေထိုင်ကြရာမှ စိတ်သဘောထားချင်း မတိုက်ဆိုင်ကြတော့သဖြင့် သီးခြားခွဲလျက် နေထိုင်ကြပြီး ကိုလာဘ်လာဘ်ဟိန်းမှ လင်မယားကွာရှင်းပြတ်စဲရန်အတွက် လင်မယားကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို လက်မှတ်ရေးထိုး ပို့ပေးမည်ဖြစ်ကြောင်း မစုယမင်းအေးထံ အကြောင်းကြား၍ မစုယမင်းအေးမှ လင်မယားကွာရှင်းပြတ်စဲရန်အတွက် ကိုလာဘ်လာဘ်ဟိန်းနှင့် အိမ်ထောင်ရေးကိစ္စကို တွေ့ဆုံညှိနှိုင်းဆောင်ရွက်ရန် ပြောဆိုပြန်ကြားသော်လည်း ကိုလာဘ်လာဘ်ဟိန်းမှ လာရောက်မည်မဟုတ်ကြောင်း ပြောဆိုပြန်ကြားသောကြောင့် မစုယမင်းအေးမှ ကိုလာဘ်လာဘ်ဟိန်းအား အိမ်ထောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွတ်လပ်စွာ တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ရန် နေ့ရက်၊ အချိန်၊ နေရာ ဖော်ပြ အကြောင်းကြားစာ ပေးပို့ခဲ့ရာ ကိုလာဘ်လာဘ်ဟိန်းသည် အကြောင်းကြားစာ လက်ခံရရှိသော်လည်း လာရောက်တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခြင်း မရှိခဲ့ပါ။

ထို့ကြောင့် ကိုလာဘ်လာဘ်ဟိန်းသည် လင်မယားကွာရှင်းပြတ်စဲလိုသည့်အတွက် မစုယမင်းအေးကို စွန့်ပစ်ရာရောက်လျက်ရှိပြီး မစုယမင်းအေးမှလည်း ကိုလာဘ်လာဘ်ဟိန်းကို ဆက်သွယ်ခြင်း၊ အထောက်အကူပြုခြင်း၊ ပြန်လည်ပေါင်းသင်းလိုခြင်း မရှိတော့ပဲ စွန့်ပစ်လိုက်ပြီဖြစ်ပါသည်။

သို့ဖြစ်ရာ ကိုလာဘ်လာဘ်ဟိန်းနှင့် မစုယမင်းအေးတို့သည် ၄-၁-၂၀၂၃ ရက်နေ့မှစ၍ လင်ခန်းမယားခန်းပြတ်စဲသွားပြီး မသက်ဆိုင်ကြတော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မစုယမင်းအေး (၁၂/မဂတ (နိုင်)၁၀၁၆၁၃)၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူညွန့်**
**B.A, H.G.P, D.B.L, D.M.L**
**အထက်တန်းရှေ့နေ**
**အမှတ် -၅၈ /၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ ရွှေဘို (၁၃)လမ်း၊ မြေကွက် အမှတ် (၁၀၈၁/ခ)၊ မြေပေအကျယ် ပေ (၂၀x၆၀)၊ စတုရန်းပေ (၁၂၀၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဦးမင်းအောင် ၁၂/လမန(နိုင်)၁၁၉၈၉၃၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင် (၂)ထပ် လုံးချင်းနေအိမ်တစ်လုံးအပါအဝင်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၄၇၆/၂၀၂၂)ဖြင့် ရရှိသူ ဦးအောင်ဇော်မြင့် ၁၂/ဗတထ(နိုင်)၀၂၈၅၉၁က အထက်ပါအိမ်ခြံမြေကွက်နှင့် ပတ်သက်၍ အရှုပ်အရှင်းကင်းရှင်းပြီး မိမိမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးတေဇထွန်း ၁၄/အဂပ(နိုင်)၁၅၇၂၈၁နှင့် ဒေါ်အေးယုယုမွန် ၆/မမန(နိုင်)၁၄၄၃၄၂တို့က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်များအရ-

**ဒေါ်ရီရီသန့် (အလင်္ကာ Law Firm)**
**LL.B, D.B.L, D.M.L, D.I.L (W.I.P,O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ (၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါ တို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၁၉ ဆူ | ၂၀၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၉ ခန်း | ၃၈၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၆ ခု | ၅၂၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၈ ကျင်း | ၂၀၅၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၄. ၇၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇. ၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆. ၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈. ၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၃၁၂ စုံ | ၁၈၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

မဟာအောင်မြေခရိုင်တရားရုံး

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၀၇၈

ဒေါ်စောမွန်ချို နှင့် ဦးလှအောင်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်၊ အကွက် (၆၃၅) နေ ဦးလှအောင် (ဘ)ဦးမှုံ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ခင်သီတာ)
ဒုတိယခရိုင်တရားသူကြီး (၂)
မဟာအောင်မြေခရိုင်တရားရုံး

## လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးကြောင်း

ရပ်စောက်မြို့နေ ဦးဇင်နိုင်ထူးနှင့် ဒေါ်နွေးနွေးတို့သည် အစ္စလာမ်ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ နှစ်ဦးသဘောတူ မူဘာရတ်လင်မယားပြတ်စဲခြင်း စာချုပ်၌ ၄–၁–၂၀၂၃ရက်က အတည်ပြု လက်မှတ်ရေးထိုးကြပြီးဖြစ်၍ လင်မယားကွာရှင်းပြတ်စဲပြီးကြောင်းနှင့် နောက်နောင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ မသက်ဆိုင်ကြောင်းကို အများသိစေရန် ကြေညာလိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်နွေးနွေး၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ဇွန်ပွင့်ဝေဝေ LL.B
တရားလွှတ်တော်ရှေ့နေ
စဉ်–၁၇၁၀၅(၂၇–၁–၂၀၂၁)
အမှတ် ၃၅၊ ရေစက်လမ်း၊ တောင်ကွက်သစ်၊
ရပ်စောက်မြို့၊ ဖုန်း–၀၉– ၂၅၉၂၅၉၃၁၇

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ချမ်းသာကြီးရပ်ကွက်၊ တည်းကုန်းအပိုင်၊ ဂေါက်ကွင်းလမ်း၊ အိမ်အမှတ်(၁၂/၈၄)ဟု ခေါ်တွင်သော (၂၃x၅၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သံတိုင်တစ်ထပ်နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်ကျော် ၁၂/အစန(နိုင်)၁၁၀၇၉၄ မှသာလျှင် တစ်ဦးတည်း တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အဆိုပါနေအိမ်နှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေသဘောတူခွင့်ပြုချက်မရှိ၊ သိရှိခြင်းမရှိဘဲ မည်သူမဆို တစ်ဆင့်လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ဇင်မာသက် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၉၅၈)
ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊
ဖုန်း–၀၉–၂၅၀၅၁၈၂၉၉၊ ၀၉–၉၅၁၈၇၉၇၆၂

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးနှင့် ရွှေပုန်းညက်ရိပ်မွန်လမ်းထောင့်၊ အမှတ် (၂၂)၊ ပထမထပ်၌ ဖွင့်လှစ်ထားသော Myanmar Fast & Forward Co.,Ltd. အမည်ဖြင့် (၂၀၁၆/၂၀၁၇)ခုနှစ်၊ စာချုပ်အမှတ် (၁၂၁၂/၂၀၁၆/၂၀၁၇ (NPW)) အရ ဒါရိုက်တာအစုဝင်(၈)ဦးဖြင့် လုပ်ကိုင်လာခဲ့ပါသည်။ နုတ်ထွက်သွားခဲ့ကြသော ဒါရိုက်တာ အစုဝင်များဖြစ်ကြသည့် (၁) ဦးလှမျိုးတင့်၊ (၂) ဦးထွန်းကျော်ရိုန်တို့နှစ်ဦးမှာ ၄–၄–၂၀၂၂ရက်တွင် လည်းကောင်း၊ (၃) ဦးသန့်စင်လင်းသည် ၃၀–၁၁–၂၀၂၂ရက်တွင်လည်းကောင်း၊ Myanmar Fast & Forward Co.,Ltd. အနေဖြင့် ၎င်းတို့ (၃)ဦးစလုံးအား ကုမ္ပဏီနှင့် စာရင်းရှင်းလင်းပြီး နုတ်ထွက်ခွင့်ပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ Myanmar Fast & Forward Co.,Ltd. နှင့် အထက်ဖော်ပြပါ ပုဂ္ဂိုလ် (၃)ဦးသည် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

Myanmar Fast & Forward Co.,Ltd. လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်လွင်
အထက်တန်းရှေ့နေ (LL.B)
(စဉ်–၅၃၇၀၉)
တိုက် (၁၈/၀၀၁)၊ ယုဇနလမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ဖုန်း–၀၉–၄၃၁၁၂၄၃၇၊ ၀၉–၆၉၁၀၄၄၇၇၁

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)

ညောင်လေးပင်မြို့နယ်တရားရုံး

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၂၆

မသဇင်ထွန်း နှင့် ကိုထက်မြတ်အောင်
တရားလို တရားပြိုင်

ညောင်လေးပင်မြို့၊မြို့မ(၅)၊ တိုးချဲ့ရပ်ကွက်နေ(ဘ)ဦးသိန်းဇော်ဦး၏ သားဖြစ်သူ ကိုထက်မြတ်အောင်(ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌တရားလိုက လင်မယားကွာရှင်းပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂ရက်(၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထူးအောင်မွန်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ညောင်လေးပင်မြို့နယ်တရားရုံး

## အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်၊ မြောက်ပြင်ကျေးရွာတွင် နေထိုင်သော နိုင်ငံသားစိစစ်ရေးကတ်ပြား ၈/မတန(နိုင်)၀၅၆၂၆၁ ကိုင်ဆောင်သူ မမျိုးစန္ဒာထွန်းအား မစုစုထွေးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် မွေးသက္ကရာဇ် အမှန်မှာ ၂၅–၆–၁၉၉၆ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးအိ ၅/မရန(နိုင်)၀၁၅၄၄၉၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၀၀၅၁၃၅၁၁

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးချစ်အေး ၅/အရတ(နိုင်)၀၉၄၀၉၁၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၅၆၂၀၄၀၂၁

## တစ်ဦးတည်းဖြစ်ကြောင်း

ကန့်ဘလူမြို့၊ အထက (၁) G–11 (စနစ်ဟောင်း) မှ မအိစန္ဒာထွန်း၏ ဖခင် ဦးထွန်းသန်းနှင့် ဦးထွန်းထွန်း ၅/ရဘန(နိုင်)၀၁၀၃၂၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ် (၂၉၃)၊ ညီညွတ်ရေးလမ်း ဟု ခေါ်တွင်သော ဧရိယာ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)အနက်မှ (၂၅ပေ x ၆၀ပေ) ရှိ တရားဝင် မခွဲစိတ်ရသေးသည့် ဦးဆန်းညွန့် (ef–၀၂၅၆၂၁)အမည်ပေါက် ဂရန်မူရင်း (ခေါင်းရင်းခြမ်း) အိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဇနီးဖြစ်သူ ဒေါ်ချိုချို ၁၂/ဥကမ(နိုင်)၁၃၆၀၈၇ မှ လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်စုရည်လှိုင်(LL.B)
အထက်တန်းရှေ့နေ(စဉ်– ၄၃၄၅၀)
အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၂၂၄၄၉၄၂၂၊ ၀၉–၆၉၃၅၆၃၇၈၅

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/သမိုင်း)၊ လူနေရပ်ကွက်အမှတ် (၁)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ် (၁/က B၂–B၂)၊ အမှတ် (၆၉)၊ မြေပေအကျယ် (၂၅x၅၀)ပေ၊ စတုရန်းပေ ၁၂၅၀ရှိ မြေပိုင်မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးဌေးဝင်း ၁၂/လမန(နိုင်)၀၉၇၄၀၂နှင့် ဒေါ်ခင်မြတ်မွန် ၁၂/မရက(နိုင်)၁၄၁၉၈၆တို့က ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အုတ်ညှပ် (၂)ထပ်လုံးချင်းနေအိမ် တစ်လုံး အပါအဝင်ကို မိမိတို့မှသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်များဖြစ်သော ဦးနေပိုင်လင်း ၁၁/တကန(နိုင်)၀၈၁၆၃၄နှင့် ဦးဝင်းဌေး၁၂/မရက(နိုင်)၀၁၄၀၃၂တို့ကရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ–
ဒေါ်ရီရီသန့် (အလင်္ကာ Law Firm)
LL.B, D.B.L, D.M.L, D.I.L (W.I.P.O–Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၃၉)
အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ (၄)လမ်း၊
(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၉–၄၃၀၆၆၁၆၄၊ ၀၉–၇၉၆၆၀၀၂၁၇

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ် (၂၁)၊ လူနေရပ်ကွက်၊ (၆/၉)ရပ်ကွက်၊ မြေကွက်အမှတ် ၂၁၇(ခ)၊ ပေ(၂၀ x ၆၀)၊ ဦးထွန်းသိန်း ဂရန်အမည်ပေါက် ပိုင်ဆိုင်သော မြေနှင့် ၎င်းမြေပေါ်ရှိ တစ်ထပ်ပျဉ်ထောင်အိမ် တစ်လုံးအပါ အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးတို့ကို ပိုင်ဆိုင်သူ ဒေါ်ခင်ရွှေ ၁၂/ရပသ(နိုင်)၀၀၂၇၁၈ထံမှ ကျွန်တော် ဦးတင့်နိုင်ဝင်း ၁၂/တမန(နိုင်)၀၄၈၄၈၆က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင့်နိုင်ဝင်း အမှတ်–၈၁၊ ၁၆၄ လမ်း၊ တာမွေကြီး (၁)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၂၅၉၉၂၁၉၂၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၈၀၄/ခ)၊ မြေပေအကျယ်(၂၀x၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက် အမည်ပေါက် မိခင် ဒေါ်လှ ၁၂/ဥကတ (နိုင်)၁၁၄၄၂၈ နှင့် ဖခင် ဦးထွန်းမောင်တို့အသီးသီးကွယ်လွန်ခဲ့သောကြောင့် ၎င်းတို့၏ အမွေဆက်ခံပိုင်ဆိုင်သူ သား/သမီးများဖြစ်ကြသော ဒေါ်သန်းသန်းနု ၁၂/ဥကတ(နိုင်)၁၀၃၀၃၂၊ ဒေါ်နုနုရီ ၁၂/ဥကတ(နိုင်)၁၁၂၅၆၈၊ ဒေါ်ခင်ခင်ရီ ၁၂/ဥကတ (နိုင်)၁၁၃၇၃၄၊ ဦးငြိမ်း ၁၂/ဥကတ(နိုင်)၁၁၂၅၇၄၊ ဦးအောင်ဇော်မိုး ၁၂/ဥကတ(နိုင်) ၁၁၃၄၀၂၊ ဒေါ်သန်းသန်းဌေး ၁၂/ဥကတ(နိုင်)၁၄၄၄၅၉တို့က ယင်းအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ မိမိတို့သာတရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံ မြေကွက်အား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ရီရီသန့် [အလင်္ကာ Law Firm]
LL.B, D.B.L, D.M.L,D.I.L,(W.I.P.O–Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်–၉၉၃၉)
အမှတ် ၅၂၅/ခ၊ မင်းရဲကျော်စွာ ၄လမ်း(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၃၀၆၆၁၆၄၊ ၀၉–၇၉၆၆၀၀၂၁၇

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၆)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၄)၊ ပန်းဘဲတန်းအကွက်၊ ဦးပိုင်အမှတ်(၉၇)၊ ဧရိယာ ၀.၁၁၁ဧကရှိ ဒေါ်လှမြင့် အမည်ပေါက်ပိုင်ဆိုင်သော အရှေ့– ၁လမ်း၊ အနောက်–ဦးပိုင် (၁၀၁)၊ တောင်–ဦးပိုင်(၁၀၀/ဃ + ၉၈)၊ မြောက်–ဦးပိုင်(၉၆)အတွင်းရှိ ဘိုးဘပိုင် ခြံမြေကွက်ကို ဦးကျော်ကျော်လွင်မှ အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၁–၁–၂၀၂၃ရက်မှ ၁–၂–၂၀၂၃ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/17127, Honda Wave –125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းရွှန်ဟောင် ၁၃/ကတန(နိုင်)၀၉၉၀၉၇က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/80273, CANDA –110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စု ၉/တကန(နိုင်)၀၅၂၀၈၂ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန
(နေပြည်တော်ရုံး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/48742 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းတိုး ၁၄/ကပန(နိုင်)၀၀၀၆၃၁ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ (ခ)ရပ်ကွက်၊ ၁၆၅လမ်း၊ အမှတ် (၆၅)၊ (၁)ခန်းတည်း၊ RC (၈)ထပ်တိုက်အဆောက်အအုံ၏ ပဥ္စမထပ် (၆)လွှာ၊ ဧရိယာ ၁၅၄၁ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဝင်းပပ (၁၂/တမန(နိုင်)၀၉၆၄၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဇေလင်း (၁၁/ကဖန(နိုင်)၀၆၉၉၉၃)၊ ဒေါ်ဖြိုးမြတ်သန္တာ (၁၂/တမန(နိုင်)၁၀၈၆၉၈)တို့က အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇေလင်းနှင့် ဒေါ်ဖြိုးမြတ်သန္တာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခိုင်နန္ဒာ
အထက်တန်းရှေ့နေ (စဉ်–၄၇၆၂၂)
အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/အလောင်းစည်သူ၊ ဦးပိုင်အမှတ် ၄၉၊၅၀၊ ၅၁၊ ဧရိယာ ၀ ဒသမ ၂၅၉ ဧကရှိ ဦးလှအောင်–ဒေါ်တင်ငွေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်များအား ဒေါ်တင်ငွေမှာ ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ခင်ပွန်းဖြစ်သူ ဦးလှအောင်(ဘ)ဦးညိုမောင် ၉/တကန(နိုင်)၀၁၃၄၂၃ မှ မြေငှားစာချုပ်၊ သေဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားဝင်ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်ဆိုချက်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

ရပ်စောက်မြို့၊ တောင်ကွက်သစ်ရပ်ကွက်၊ ပင်းတယလမ်း၊ အမှတ် ၁၆၈ နေ ဦးစန်းဝင်းက တူမများဖြစ်ကြသည့် မခင်သူဇာနွယ်နှင့် မဇင်ဇာနည်နွယ်တို့အား မိမိဂရန်အမည်ပေါက် ကွင်းအမှတ် ၁၆၊ တောင်ကွက်သစ်၊ ဦးပိုင်အမှတ် ၃၁ ရှိ မြေကွက်ထဲမှ ခွဲထုတ်၍ တောင်ဘက်ခြမ်း ၁၀ပေ၊ အရှေ့အနောက် ၈၅ပေတို့အား နေထိုင်ရန် မြေပေးကမ်းခြင်းကတိဝန်ခံ ချက်စာချုပ်ဖြင့် ပေးကမ်းခဲ့သည်ကို ၎င်းတို့မှ စာချုပ်ပါစည်းကမ်းများကို လိုက်နာခြင်းမရှိသဖြင့် နေထိုင်ရန် ပေးကမ်းခြင်း ပျက်ပြယ်(ပေးကမ်းခြင်းမပြုတော့ကြောင်း)ပြီးဖြစ်ကြောင်း ကာယကံရှင်များနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ဇွန်ပွင့်ဝေဝေ LL.B
တရားလွှတ်တော်ရှေ့နေ၊ စဉ်–၁၇၁၀၅(၂၇–၁–၂၀၂၁)
အမှတ် (၃၅)၊ ရေစက်လမ်း၊ တောင်ကွက်သစ်၊ ရပ်စောက်မြို့၊ ဖုန်း–၀၉–၂၅၉၂၅၉၃၁၇

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၂-၂၀၂၃)ခု၊ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုသာမန်ရန်ပုံငွေကို အသုံးပြု၍ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအောက်ရှိ ခုတင် (၁၀၀)ဆေးရုံများ၊ ခရိုင်ဆေးရုံ၊ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများအတွက် လိုအပ်သည့်ဆေးနှင့် ဆေးပစ္စည်းများ၊ ခွတ်ခွဲခန်းနှင့် ခွတ်မှန်ခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ Consumable များ ထပ်မံဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၁-၂၀၂၃ရက်

**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၂၃-၁-၂၀၂၃ရက်၊ ၁၆:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ အသေးစိတ်ကို သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန**
ဖုန်း-၀၂-၄၀၃၃၁၇၃

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၂-၂၀၂၃)ခု ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ပြည်သူ့ဆေးရုံကြီး လွိုင်ကော်၌ ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) ဆေးဝါးများ
(ခ) ခွတ်ခွဲဆေးပစ္စည်းများ
(ဂ) Basic Consumables များနှင့် Speciality Consumables များ

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၁-၂၀၂၃ရက်
**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၁-၂၀၂၃ရက် (၁၆:၀၀)နာရီ

၃။ တင်ဒါအသေးစိတ် စည်းကမ်းအချက်အလက်များကို သိရှိလိုပါက ပြည်နယ် ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**
ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့
ဖုန်း-၀၈၃-၂၂၄၀၉၆၊ ၀၈၃-၂၂၁၃၆၅

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးနှင့် ရွှေပုန်းညက်ရိပ်မွန်လမ်းထောင့်၊ အမှတ် (၂၂)၊ ပထမထပ်တွင်ရှိသော Myanmar Fast & Forward Co.,Ltd. ၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် -၁၀၁၆၈၅၈၀၂အရ ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ စာအမှတ် (၄/၁၀၄၉၂) (၁၃-၁၂-၂၀၂၂)ရက်စွဲပါ လုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသား မှတ်ပုံတင်သွင်းထားရှိပါသည်။ ၎င်းမှတ်ပုံတင်သွင်းထားသော ကုမ္ပဏီအမှတ်တံဆိပ်အား မည်သူတစ်ဦးတစ်ယောက်မျှ ဖြန့်ဝေသုံးစွဲခြင်း၊ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ မပြုလုပ်ကြရန် အသိပေးအပ်ပါသည်။ အကယ်၍ တစ်စုံတစ်ရာပြုလုပ်သုံးစွဲမှု တွေ့ရှိခဲ့လျှင် တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

MFF Myanmar Fast & Forward Logistics

Myanmar Fast & Forward Co.,Ltd. လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးအောင်လွင်**
**အထက်တန်းရှေ့နေ (LL.B)**
**(စဉ်-၅၃၇၀၉)**
တိုက် (၁၈/၀၀၁)၊ ယုဇနလမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်
ဖုန်း-၀၉-၄၃၁၁၂၄၃၇၊ ၀၉-၆၉၁၀၄၄၇၇၁

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၁၀)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၁)၊ အုတ်ကျွတ်တန်းမြောက်အကွက်၊ ဦးပိုင်အမှတ် ၉၂၊ ဧရိယာ ၀.၀၆၄ ဧကရှိ ဦးခိုင်လင်း အမည်ပေါက်ပိုင်ဆိုင်သော အရှေ့-ဦးပိုင်(၉၁/က)၊ အနောက်-ကေတုမတီလမ်း၊ တောင်-(၁၀)လမ်း၊ မြောက်-ဦးပိုင်(၉၃)အတွင်းရှိ ဘိုးဘပိုင်ခြံမြေကွက်ကို ဒေါ်သိန်းလှမှ အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၁-၁-၂၀၂၃ရက်မှ ၁-၂-၂၀၂၃ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၆၊ မြို့မရပ်၊ ဇဝနဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၁၁၀ ဧကရှိ ဦးကျော်မျိုးခန့် ၁၂/မဂဒ(နိုင်)၀၅၇၉၈၆ (ဘ) ဦးကျော်မြင့်ဝေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၁၉၉၀ )ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် ၄၈၄၇ /၂၀၂၂ (၃-၁၀-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မေကာရန်လေး ၉/ပဗသ(နိုင်)၀၁၅၆၄ (ဘ)ဦးအောင်တင့် မှ ဒေါ်ပြည့်ဖြိုးဝေ ၉/ပမန(နိုင်)၁၇၄၄၀၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ မြို့နယ်၊ သုံးဆယ်မြို့၊ အထက(ခွဲ)လိပ်အင်း Grade-4 မှ မခင်ရတနာထက်၏ ဖခင် အမည်မှန်မှာ ဦးဖိုးထောင် ၇/သဝတ(နိုင်)၁၀၇၈၀၅ ဖြစ်ပါကြောင်း။

**ဦးဖိုးထောင်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ မြို့သစ်(က)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ် (၂/၆)၊ ဦးမောင်ရီ ၇/ပခန(နိုင်)၀၂၁၀၈၉-ဒေါ်မိုးမိုးလွင် ၇/ပခန(နိုင်)၂၂၉၄၉၄တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏သမီးဖြစ်သူ မမိုးယုခိုင် ၇/ပခန(နိုင်)၃၃၉၃၅၂ သည် မိဘများ၏ ဆိုဆုံးမမှုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးမြတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၀၁၈)**
**အမှတ် (၉၂)၊ (၂၃)လမ်း၊**
**ပန်းလှိုင်ရပ်ကွက်၊ ပဲခူးမြို့**
**ဖုန်း-၀၉-၅၀၆၈၄၅၈**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/5488 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၉၇)တွင် တည်ဆောက်ထားသည့် (၄)ထပ်တိုက်၏ အကျယ်အဝန်း(၂၀'x၅၀')ခန့်ရှိ (၃)လွှာတိုက်ခန်း(ထပ်ခိုးအပါအဝင်)နှင့်တကွ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသည့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးခင်ညွန့် (CT-၀၂၁၃၇၉) (၁၂/ပဇတ(နိုင်)၀၁၃၁၂၄နှင့် ဒေါ်သန်းကြည် (CT-၀၂၁၄၀၂) (၁၂/ပဇတ(နိုင်)၀၁၂၈၉၅တို့သည် မူလပိုင်ရှင်ထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိခင်နှင့် ဖခင်ကွယ်လွန်သွားသည့်အတွက် အမွေဆက်ခံသူ သားသမီးများဖြစ်ကြသော (၁) ဦးထွန်းဦး၊ (၂) ဦးတင်ထွန်း ၁၂/ပဇတ(နိုင်)၀၁၃၅၆၀၊ (၃) ဒေါ်သီတာခင် ၁၂/ပဇတ(နိုင်)၀၁၃၅၅၉၊ (၄) ဒေါ်နီလာခင် ၁၂/ပဇတ(နိုင်)၀၁၄၁၁၄တို့မှ မိမိတို့ (၄)ဦးသာ အမွေဆက်ခံပိုင်ခွင့်ရှိသူများဖြစ်ကြောင်း၊ အခြားအမွေဆိုင်မရှိကြောင်း၊ မိမိတို့မှ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း၊ အဆိုပါတိုက်ခန်းသည် လူနေထိုင်ခွင့် (BCC) ရရှိပြီး တိုက်ခန်းဖြစ်ကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)**
**အမှတ် (S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## ဘိုးဘပိုင်အမှုတွဲအမှတ် ၀၀၃/ဘိုးဘ/၂၀၂၃

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

ပဲခူးမြို့၊ နန်းတော်ရာရပ်၊ အကွက်အမှတ် ၁၇။ အကွက်အမည် မြို့တွင်းအရှေ့၊ ဦးပိုင်အမှတ်(၄၄ဆ+၄၅ဃ)၊ဧရိယာ ၀ဒသမ ၀၄၆ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်

(က) အရှေ့လားသော် -ဆံတော်တွင်းလမ်း၊
(ခ) အနောက်လားသော် -ဦးပိုင်အမှတ် ၄၄ ဈ၊
(ဂ) တောင်လားသော် -ဦးပိုင်အမှတ် ၄၅ ဈ၊
(ဃ) မြောက်လားသော် -သနပ်ပင်လမ်း၊

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ခိုင်သီတာဆွေမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ လ ၄ ရက်နေ့ မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပဲခူးမြို့**

## အမည်ပြောင်း

ရသေ့တောင်မြို့နယ်၊ ကြိမ်သာကျေးရွာနေ (ဘ)ဦးလှသိန်းထွန်း၏သား အမည်မှန်မှာ အောင်အောင်(ခ)မောင်ရဲလင်းအောင် ဖြစ်ကြောင်း။

**မောင်ရဲလင်းအောင်**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်ခိုင်မြမြ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည် ဒေါ်ခိုင်မြမြ ၇/တငန(နိုင်)၁၂၆၀၇၄ နှင့် ဦးအောင်ကျော်ဖြိုး ၇/တငန(နိုင်)၁၃၅၅၂၇ သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာမှ ၉-၁၂-၂၀၂၁ရက်တွင် ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ထို့နောက် ထွန်းကားခဲ့သော ကလေး(၂)ဦးအုပ်ထိန်းခွင့်ကို ကျွန်ုပ်၏အမှုသည်အား ရာသက်ပန်အုပ်ထိန်းစေခြင်းဖြင့်လည်းကောင်း၊ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ပစ္စည်းများနှင့်စပ်လျဉ်း၍ အောက်ပါမရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လက်ရောက်ခွဲဝေရရှိစေခြင်းဖြင့်လည်းကောင်း နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုခွဲဝေခဲ့ကြပါသည်။ အောက်ပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအနက်မှ အမှတ်စဉ်(၁)အား ကလေးနှစ်ဦးအတွက်လည်းကောင်း၊ အမှတ်စဉ်(၁)မှလွဲ၍ ကျန်ပစ္စည်းများအားလုံးကို ကျွန်ုပ်အမှုသည်မှ လက်ရောက်ခွဲဝေရရှိပြီးဖြစ်ပါသည်-

**ခွဲဝေလက်ရောက်ရရှိပြီးဖြစ်သော ပစ္စည်းစာရင်း**

(၁) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ နောင်လှိုင်ကျေးရွာအုပ်စု၊ ပါအယ်ရွာ၊ ကွင်းအမှတ် ၇၂၆၊ ဦးပိုင်အမှတ် ၁၅/၂၊ မြေ ဧရိယာ ၂ဒသမ ၉၈ ဧက အကျယ်အဝန်းမှ (၅၀ X ၅၂ X ၁၇၇ X ၁၆၂)ပေ အကျယ်အဝန်းရှိ မြေကွက်အမှတ် (B-6)BEYOND MOUNTAION VILLA-1-မြေ၊ (၂) ယာဉ်အမှတ်(2O/5579)TOYOTAR MARK II GX 110 SALLON(4X2)R အဖြူရောင် ကားတစ်စီး၊ (၃) ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၂၂) ရပ်ကွက်၊ ပင်းယလမ်း ၄လမ်းမြောက်ပေါ်ရှိ ဒေါ်ခိုင်မြမြ ၇/တငန(နိုင်)၁၂၆၇၄ ၏ ဂရန်အမည်ပေါက် ကွင်းအမှတ်နှင့် ကွင်းအမည် ၇/မင်းကြီးညိုတောင်၊ ဦးပိုင်အမှတ် ၁၁၃/၇၂၂(အလျား၈၀ပေ X အနံ ၃၀ပေ) ရှိမြေကွက်၊ (၄) ၁၀-၇-၂၀၁၆ ရက်စွဲပါစာချုပ်ဖြင့် ဦးမြင့်ဝင်း-ဒေါ်ယုမာထံမှ ဒေါ်ခိုင်မြမြ လက်ရောက်ဝယ်ယူထားသော တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ နယ်မြေ ၁၄၊ မြင်းဖြူအင်း လမ်းပေါ်ရှိ (အလျား ၂၈ပေ X အနံ ၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၄X၄)ပင် အပေါ်ပျဉ်ခင်း၊ အောက်သံမံတလင်းခင်း၊ အုတ်ကာ၊ သွပ်မိုး နှစ်ထပ်နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်၊ (၅) ၁-၈-၂၀၁၇ရက်စွဲပါ စာချုပ်ဖြင့် ဦးတင်အောင်ထံမှ ဒေါ်ခိုင်မြမြ လက်ရောက်ဝယ်ယူထားသော တောင်ငူမြို့၊(၁၉)ရပ်ကွက်၊ မြင်းဖြူအင်းလမ်းပေါ်ရှိ (အလျား ၆၈ ပေ X အနံ ၂၉ပေ)ရှိ မြေကွက်၊

သို့ဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည် ဒေါ်ခိုင်မြမြလက်ရောက်ခွဲဝေရရှိသွားပြီးဖြစ်သော အထက်ပါမရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ကျွန်ုပ်အမှုသည်၏ အတိအလင်း သဘောတူညီချက်မပါဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်း မပြုလုပ်ကြပါရန်၊ လွှဲပြောင်းရယူမှုများပြုလုပ်ပါက ပေါ်ပေါက်လာသော ပြဿနာအရပ်ရပ်သည် မိမိတို့၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်မြမြ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်မျိုးထွန်းလွင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၅၉၊ ၃၁-၈-၂၀၁၇)**
**အမှတ် ၄၆-B၊ ခပေါင်း ၁လမ်း၊ မင်းကြီးညို၊ တောင်ငူမြို့။ ဖုန်း-၀၉-၄၂၈၁၂၆၂၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/မင်းခေါင်၊ ဦးပိုင်အမှတ် (၁၈၃)၊ ဧရိယာ ၀ဒသမ၀၅၁ဧကအား ဦးပြည့်ဖြိုးဟန်၊ ဒေါ်စုလှိုင်မင်း (ဘ)ဦးနေမျိုး၊ ဦးလှဝင်း ၉/တကန(နိုင်)၁၄၇၃၃၁၊ ၉/တကန(နိုင်)၂၁၁၄၆၆မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၅၀၉၁/၂၀၂၂၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ တမာတကောကျေးရွာအုပ်စု၊ တူးမြောင်းကျေးရွာနေ ဦးငွေး ၁၄/ဒဒရ(နိုင်) ၀၅၈၇၁၃နှင့် ဒေါ်ခင်သက်မွန် ၁၄/ဒဒရ(နိုင်) ၀၀၅၀၆၄တို့၏သမီး၊ မသီသီလွင် ၁၄/ဒဒရ(နိုင်)၂၀၁၅၁၉သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏ဆန္ဒအလျောက် နေအိမ်ပေါ်မှဆင်းသွားပါသဖြင့် ၆-၁-၂၀၂၃ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးငွေး-ဒေါ်ခင်သက်မွန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/44198, Hongfu -110, M/C ယာဉ်လက်ဝယ်ရှိသူ MEF HUA Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/3058, TVS-200, T.W (vehicle) Passenger ယာဉ်လက်ဝယ်ရှိသူ Aung JRC Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/01267, Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၁၄/ဝခမ(နိုင်)၁၈၁၀၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ မြို့မကွင်း၊ သီရိမင်္ဂလာရပ်ကွက်၊ ၂၀၇၈(က)/အကွက်အမှတ်-အုတ်ရှစ်ကုန်း E၊ ဦးပိုင်အမှတ် -၂၉/၁၊ ၁ဒသမ၅၆ဧက ဦးပိုင်အမှတ် (၃၁/၈)၊ ၁ဒသမ၂၀ဧကနှင့် ဦးပိုင်အမှတ် (၃၁/၆)၊ ၀ဒသမ၈၀ဧက တို့၏မြေပေါ်၌ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ကျူးကျော်ခြင်း၊ လမ်းဖောက်ခြင်းများ မပြုလုပ်ရန် အသိပေး တားမြစ်ကန့်ကွက်အပ်ပါသည်။

ဤသို့ ရောင်းချခြင်း၊ လမ်းဖောက်ခြင်း၊ ကျူးကျော်ခြင်း ပြုလုပ်ပါက တရားဥပဒေအရ အရေးယူပါမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၁။ **ဦးပေါက်ကောင်း ၉/ကပတ(နိုင်)၀၄၂၆၆၄၊ သီရိမင်္ဂလာရပ်ကွက်၊ ကျောက်ပန်း တောင်းမြို့၊ ဖုန်း-၀၉-၇၉၇၇၄၇၇၆၀**
၂။ **ဒေါ်သြဘာသန်း ၉/ကပတ(နိုင်)၀၅၂၇၁၃၊ ကြွယ်တောင်ရွာ၊ ဖုန်း-၀၉-၄၀၃၇ ၂၁၅၇၄**
၃။ **ဒေါ်ခွေး ၉/ကပတ(နိုင်)၀၃၈၆၄၈၊ သီရိမင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်း မြို့၊ ဖုန်း-၀၉-၂၅၇၇၃၈၃၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/3840, Bajaj 200, သုံးဘီး ယာဉ်လက်ဝယ်ရှိသူ မင်းပြားမြို့၊မင်းဘာကြီးရပ်ကွက်နေ ဦးသန်းထွန်း ၁၁/မပန(နိုင်)၀၉၁၈၆၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(စစ်တွေ)**

# အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၃ ခုနှစ် (၇၅) ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမိန့်ကြော်ငြာစာ
အမှတ် ( ၂/၂၀၂၃) အရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်

## သီဟသုဓမ္မသိင်္ဂီဘွဲ့

## ဒေါ်သီတာဦး

( Managing Director ) Wonderhot Co.,Ltd / Hot Pot King

မှထိုက်ထိုက်တန်တန် ချီးမြှင့် အပ်နှင်းခြင်းခံရသည့် အတွက် ချစ်ခင်ပွန်း ဦးကျိန်တာ (ခ) Mr ZHENG DA (Chair Man) Myanmar Wenzhou General Chamber of Commerce နှင့်အတူ ချစ်သော မိသားစုမှ အတိုင်းထက်အလွန်ပီတိဖြစ်ပြီး အထူးဝမ်းမြောက် ဂုဏ်ယူမိပါသည်။ ရှေးအနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာစွာဖြင့် ချစ်သော မိသားစု နှင့်အတူ နိုင်ငံ နှင့် လူမျိုးဘာသာ၊ သာသနာ အကျိုးတို့ကို ဆထက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေ ကြောင်း အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ချစ်ဖေဖေ — သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်မြင့် (သူရဲကောင်း မှတ်တမ်းဝင်) နှင့်
နိုလုံလီရှောတိုင်းရင်းသားများယဉ်ကျေးမှုအဖွဲ့ချုပ်ဥက္ကဌ

ချစ်မေမေ — အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ဝင်းမြင့် (Managing Director) Royal Pansay Co.,Ltd

ချစ်မောင်ကြီး — ကိုဉာဏ်လင်းဦး (ပန်းဆေး ပြည်သူ့ စစ်ခေါင်းဆောင်) နှင့် ဇနီး အားဟုန်

ချစ်မောင်လတ် — ကိုဇော်လင်းဦး ( Director, Royal Pansay Co.,Ltd ) နှင့် ဇနီး Ooi Chuan Mei @ Jesslyn

ချစ်မောင်ငယ် — ကိုထွန်းလင်း @ Kevin Yang ( ပန်းဆေး ပြည်သူ့စစ် ဒုခေါင်းဆောင် )

ချစ်သမီးကြီး — Victoria @ Vi Vi ( Grade 9, ISY )

ချစ်သားကြီး — Victor @ Lu Lu ( Grade 4, ISY )

ချစ်သားငယ် — Quan Quan @ ဟိန်းနေတာ

ချစ်တူမလေး — Elizabeth Yang @ ရန်မင်မင့် ( Grade 8, YIS )

ချစ်တူလေး — Jaron Yang @ ရန်မင်ကျယ် ( Grade 1, Network )

ချစ်တူလေး — ရန်မင်နိုင် @ အောင်ပြည့်စုံဦး

ချစ်တူမလေး — Jolene Yang @ ပွင့်ဦးရတနာ ( Network Foundation 1 )

## ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် သမဝါယမအသင်းစုလီမိတက် ဒုတိယအကြိမ် အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

ရပ်စောက်မြို့၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ ပိုင်ဆိုင်သော ရပ်စောက်မြို့၊ တောင်ကွက်သစ်ရပ်ကွက်ရှိ ကွင်းအမှတ်(၂၅၁-ဗထူး)၊ ဦးပိုင်အမှတ်(၁၄)မှ အကျယ်အဝန်း(၀ဒသမ၁၇၀ဧက)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၇၀'x၃၀'x၁၄') အဆောက်အအုံအား အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (၁)**လေလံလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၉-၁-၂၀၂၃ရက်မှ ၁၆-၁-၂၀၂၃ရက်အထိ |
| (၂)**လေလံလျှောက်လွှာ ပိတ်သိမ်းမည့်နေ့ရက်** | - | ၁၆-၁-၂၀၂၃ရက် (၁၆:၀၀)နာရီ |
| (၃)**လေလံတင်လျှောက်လွှာ ရောင်းချမည့်နေ့ရက်/အချိန်** | - | ၁၇-၁-၂၀၂၃ရက်နံနက်(၁၀)နာရီ |
| (၄)**လေလံတင်ရောင်းချမည့်နေရာ** | - | ရပ်စောက်မြို့နယ် သမဝါယမအသင်းစုရုံးခန်းမ ဦးဥတ္တမလမ်း၊ မြို့မဈေးအရှေ့ဘက်၊ ဈေးတန်းရပ်ကွက် |

အသေးစိတ် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား မေးမြန်းစုံစမ်းနိုင်ပါသည်-

ဖုန်း-၀၈၁-၂၂၀၄၀၈၈၊ ၂၂၀၄၀၈၉၊ ၀၉-၇၇၂၁၉၅၀၂၉၊ ၀၉-၄၂၈၃၄၈၅၀၇

**မြို့နယ်သမဝါယမအသင်းစုလီမိတက်**
**ရပ်စောက်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ ကျိုက်ခေါက်ဘုရားလမ်း၊ တိုက်အမှတ် (A-5)၊ RC ထပ်တိုက် (၈) အဆောက်အအုံ၏ အခန်းအမှတ် (၅၁၆)၊ (၅)လွှာ၊ ဧရိယာ ၁၁၈၅ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးကျော်ကျော်နိုင် (၉/အမရ(နိုင်)၀၆၃၅၅၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သော ဒေါ်ထက်မြတ်ကို (၁၂/လမတ(နိုင်)၀၀၀၉၄၄)က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထက်မြတ်ကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဟုတ်တင့် (၁၂/သဃက(နိုင်)၁၃၀၄၁၆) အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၃၉/အေ)၊ မြေကွက်အမှတ် ၃၂၉၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ RC ခြောက်ထပ်တိုက်၏ ခေါင်းရင်းဘက်အခြမ်း (၃-လွှာ)၊ အကျယ်အဝန်း(၁၇x၅၄)ပေ၊ အမြင့် ၁၀ပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် အမြဲတမ်းအသုံးပြုရန်အလို့ငှာ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေရှင်ဖြစ်သူ ဦးဟုတ်တင့် (၁၂/သဃက(နိုင်) ၁၃၀၄၁၆)က ကန်ထရိုက်တာနှင့် ၎င်းချုပ်ဆိုထားသည့် ၅-၈-၂၀၂၀ရက်စွဲပါ (၂)ခန်းတွဲ (၆)ထပ်တိုက်သစ်ဆောက်လုပ်ရန် ကန်ထရိုက်တာနှင့်မြေရှင်တို့၏ နှစ်ဦးသဘောတူကတိစာချုပ်အရ မြေရှင်ဖြစ်သူ မိမိအကျိုးခံစားခွဲဝေရရှိသော တိုက်ခန်းဖြစ်၍ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရန်ပိုင်စိုး(စဉ်-၁၁၅၉၁) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၃၇၇၊ အခန်း(ဘီ)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၆၂၉၄၉၉၇၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ (၁၈)လမ်း၊ မြေကွက်အမှတ် (၁၃)၊ မြေပေါ်တွင်မြေရှင် (၁) ဒေါ်မြမြသိန်း၊ (၂) ဒေါ်တင်မိုးရွှေ၊ (၃) ဒေါ်ဥမ္မာကြူတို့မှ ကန်ထရိုက်တာ ဦးဝေလင်းအောင်နှင့် အခန်းပေးအခန်းယူ ဆောက်လုပ်ထားသော (၆)ထပ်တိုက် (၂)ခန်းတွဲ တိုက်ခန်းများအနက်မှ တတိယထပ်(ခြေရင်းခန်း) အကျယ်အဝန်း (၁၂ ၁/၂ပေxပေ ၆၀)၊ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်စိန် ၁၂/သဃက(နိုင်)၀၄၇၈၅၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ မရည်မွန်ဖြိုး ၁၂/ရကန(နိုင်)၀၇၈၆၄၄မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မရည်မွန်ဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B, D.B.L)** | **ဒေါ်စုစုအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၈၃၅၁ (၁၃-၉-၂၀၁၂)** | **စဉ်-၁၃၄၉၈ (၁၂-၁၀-၂၀၁၇)** |

**အမှတ် (၈၉၉)၊ ဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ဆံတော်ရှင်မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဈေးဆိုင်ခန်းများနှင့် အရပ်ရပ်လုပ်ငန်းများ လေလံခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၉-၂-၂၀၂၃ရက် (၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁ရက်) နေ့မှ ၅-၃-၂၀၂၃ရက် (၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်နေ့)အထိ ၁၅ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပါသည်။
၂။ မြတ်မော်တင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပတ်သက်သည့် ဈေးဆိုင်ခန်းများနှင့် အရပ်ရပ်လုပ်ငန်းများကို အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က)**လျှောက်လွှာပုံစံရောင်းချမည့်ရက်** | - | ၁၆-၁-၂၀၂၃ရက်၊ (တနင်္လာနေ့) |
| (ခ)**လျှောက်လွှာ ရောင်းချမှုပိတ်မည့်ရက်** | - | ၂၃-၁-၂၀၂၃ရက်၊ (တနင်္လာနေ့) |
| (ဂ) **လျှောက်လွှာ တင်သွင်းရမည့်နေရာ** | - | ပုသိမ်ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံး |
| (ဃ) **ဆိုင်ခန်းနှင့် အရပ်ရပ်လုပ်ငန်းများ လေလံတင်ရောင်းချမည့်ရက်** | - | ၂၅-၁-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် ၉ နာရီ |
| (င) **ဆိုင်ခန်းနှင့် အရပ်ရပ်လုပ်ငန်းများ လေလံတင်ရောင်းချမည့်နေရာ** | - | ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး(အစည်းအဝေးခန်းမ-၂) |

၃။ လေလံလျှောက်လွှာ တင်သွင်းရန်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပုသိမ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဖုန်း-၀၄၂၂၀၂၁၃၄၅၊ ၀၄၂၂၀၂၅၁၇၇၊ ငပုတောမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီး ဌာနရုံး၊ ဖုန်း-၀၄၂၂၀၄၄၁၉၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် DD/1277 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ညောင်ဦးမြို့၊ အမှတ် (၇)ရပ်ကွက်၊ ဝက်ကြီးအင်းရပ်ရှိ မြေကွက်အမှတ် ၁၅၁၇/ဝက်ကြီးအင်းအရှေ့၊ ဦးပိုင်အမှတ်-၁၀၇/၃၅၉၊ ဧရိယာဧက ၀ဒသမ၁၆ဧက အကျယ်အဝန်းရှိသော နှစ် ၃၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးစိုးလင်းဦး(ဘ)ဦးမြင့်ဆွေ ၉/ညဥန(နိုင်)၁၁၃၈၆၈မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆို၍ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ပပချစ် ၉/မရမ(နိုင်)၀၁၈၁၂၅မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ အချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးချမ်းနောင်နောင် (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၄၄၉၄၆)**
**ကျော်စွာရပ်၊ ခွာညိုလမ်း၊ ကျန်စစ်သားရပ်ကွက်၊ ပုဂံမြို့**
**ဖုန်း-၀၉-၄၂၀၉၁၄၈၈၃**

ဘိုးဘပိုင်အမှုတွဲအမှတ်-၀၅၈/ဘိုးဘ၂၀၂၂

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ပဲခူးမြို့၊ ညောင်ဝိုင်းတောင်ပိုင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ အကွက်အမည်(ညောင်ဝိုင်းတောင်ရပ်)၊ ဦးပိုင်အမှတ်-၁၄၀ᵏ၊ ဧရိယာ ၀ဒသမ ၀၂၇၃ဧက အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | |
|---|---|---|
| (က) အရှေ့လားသော် | - | ညောင်ဝိုင်းလမ်းမ |
| (ခ) အနောက်လားသော် | - | ၁၃၈ |
| (ဂ) တောင်လားသော် | - | အကွက်အမှတ် (၁၁)ဈေးပိုင်းရပ်၊ |
| (ဃ) မြောက်လားသော် | - | ၁၄၀ᵃ |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်မာမာအေး-ဒေါ်အေးအေးမူတို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ် ဇန်နဝါရီ ၂၈ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ပဲခူးမြို့**

ဘိုးဘပိုင်အမှုတွဲအမှတ်-၀၅၉/ဘိုးဘ/၂၀၂၂

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ပဲခူးမြို့၊ ညောင်ဝိုင်းတောင်ပိုင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ အကွက်အမည် (ညောင်ဝိုင်းတောင်ရပ်)၊ ဦးပိုင်အမှတ်-၁၄၀ᵐ၊ ဧရိယာ ၀ဒသမ ၀၀၀၇ဧက အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | |
|---|---|---|
| (က) အရှေ့လားသော် | - | ညောင်ဝိုင်းလမ်းမ |
| (ခ) အနောက်လားသော် | - | ၁၃၈ |
| (ဂ) တောင်လားသော် | - | အကွက်အမှတ် (၁၁)ဈေးပိုင်းရပ်၊ |
| (ဃ) မြောက်လားသော် | - | ၁၄၀ᵃ |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးအာဒူးချင်းနားမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ် ဇန်နဝါရီ ၂၈ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်၊ နယ်မြေ(၇)၊ ကွင်းအကွက်အမှတ်(၅၁/မြို့ လယ်ရပ်)၊ ဦးပိုင်အမှတ်(၁၂၅-က)၊ ဧရိယာ ၀ဒသမ ၀၆၃ ဧကရှိ ဦးအောင်မြင့် ၅/ကလထ(နိုင်)၀၀၃၉၀၈ ပိုင်ဆိုင်သော မြေကွက်အား ၎င်းအမည်ပေါက် မြေငှားဂရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးအောင်မြင့်၊ အောင်မြေမာန်ရပ်ကွက်၊ ကလေးမြို့၊**
**ဖုန်း-၀၉-၄၀၀၅၁၂၈၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ အောင်ဘောဂလမ်း၊ မြေကွက်အမှတ် (၁၀၃၁)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀'xအနံ ၆၀') ရှိ ဦးရွှေညိုအမည်ပေါက် မြေချပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့်(၂၀'x၆၀')ပါမစ်မူရင်း ခေါင်းရင်းခြမ်းရှိ အိမ်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဒေါ်ခင်သီဂီဝင်း ၈/မထန(နိုင်)၀၀၀၃၀၅၊ ဦးဆက်နိုင်ထူး ၆/မမန(နိုင်)၁၈၄၉၆၁၊ ဒေါ်တင်တင်မိုး ၆/မအရ(နိုင်)၀၃၂၉၀၈တို့မှ ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ပြောဆို၍ ကျွန်ုပ်ထံ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းလွင်**
**ဖုန်း-၀၉-၇၉၇၀၃၇၀၅၂**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဟုတ်တင့် (၁၂/သဃက(နိုင်) ၁၃၀၄၁၆) အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၃၉/အေ)၊ မြေကွက်အမှတ် ၃၂၉၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ RC ခြောက်ထပ်တိုက်၏ ခေါင်းရင်းဘက်အခြမ်း (၃-လွှာ)၊ အကျယ်အဝန်း(၁၇x၅၄)ပေ၊ အမြင့် ၁၀ပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် အမြဲတမ်းအသုံးပြုရန်အလို့ငှာ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေရှင်ဖြစ်သူ ဦးဟုတ်တင့် (၁၂/သဃက(နိုင်)၁၃၀၄၁၆) က ကန်ထရိုက်တာနှင့် ၎င်းချုပ်ဆိုထားသည့် ၅-၈-၂၀၂၀ရက်စွဲပါ (၂)ခန်းတွဲ (၆)ထပ်တိုက်သစ်ဆောက်လုပ်ရန် ကန်ထရိုက်တာနှင့်မြေရှင်တို့၏ နှစ်ဦးသဘောတူကတိစာချုပ်အရ မြေရှင်ဖြစ်သူ မိမိအကျိုးခံစားခွဲဝေရရှိသော တိုက်ခန်းဖြစ်၍ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန်သဘောတူသဖြင့်ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရန်ပိုင်စိုး(စဉ်-၁၁၅၉၁)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၃၇၇၊ အခန်း(ဘီ)၊ ဘုရင့်နောင်လမ်း**
**(၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၆၂၉၄၉၉၇၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးမြို့နယ်၊ အမက (ဒါးဆိပ်)မှ ဒု-မူပြ တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းပေါင်းဟွမ် ၁၃/လခတ(နိုင်) ၀၃၁၄၂၁ ၏ဖခင် ဦးလုံးထွန်းညွန့်(ခ)ဦးလုံးညွန့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးမြို့နယ်၊ အထက (ခွဲ)-နားကုန်းမှ မူပြ တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းဟွမ်နွံ ၁၃/လခတ(နိုင်)၀၃၅၉၆၈ ၏ဖခင် စိုင်းထွန်းရွှေ(ခ)ဦးစိုင်းဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးမြို့နယ်၊ အထက(ခွဲ)-နားကုန်းမှ လယ်ပြ တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းကြာဖူး ၁၃/လခန (နိုင်) ၀၃၃၁၄၄ ၏ဖခင် စိုင်းယုန်း (ခ) ဦးစိုင်းဝါလိန်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးမြို့နယ်၊ အလက-ဝမ်စစ်မှ ဒု-လယ်ပြ တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းနီနီစိုး ၁၃/လခန(နိုင်)၀၃၅၁၅၇ ၏ ဖခင် စိုင်းပညာ(ခ)ဦးစိုင်းညာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးမြို့နယ်၊ အလက-ဝမ်စစ်မှ ဒု-လယ်ပြ တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းခမ်းလင်း ၁၃/လခန (နိုင်)၀၃၄၅၈၄ ၏ဖခင် ဦးစိုင်းဇော်တိက(ခ)ဦးဇော်တိကမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ် (၁၀)လမ်း၊ အမှတ် (၇၅/၇၆)၊ (၂)ခန်းတွဲ RC (၆)ထပ်တိုက်အဆောက်အအုံ၏ ပထမထပ် (၂)လွှာ၊ တိုက်ကိုမျက်နှာမူလျှင်(ဝဲ)၊ ဧရိယာ စတုရန်းပေ ၇၀၀ ရှိ တိုက်ခန်းနှင့် ၎င်း တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူဖြစ်သော ဦးမျိုးထွန်း (၁၃/တကန(နိုင်)၁၇၆၃၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးမောင်မောင်ဦး (၉/ကပတ(နိုင်)၁၆၃၃၉၈)၊ ဒေါ်ခင်သူဇာအောင် (၁၂/ဒဂမ(နိုင်)၀၁၀၇၂၅)တို့က အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်ဦးနှင့် ဒေါ်ခင်သူဇာအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## အများသိရှိစေရန် ကြေညာအပ်ပါသည်

မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊အကွက်အမှတ် (၂/အောက်ကျင်း)၊ ဦးပိုင်အမှတ်(၂၉၉)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၄၅ ဧကရှိ ဘိုးဘပိုင်မြေကွက်သည် မိခင်ဖြစ်သူ ဒေါ်ညွန့်ညွန့်ရီ အမည်ပေါက်ပါသည်။ ဒေါ်ညွန့်ညွန့်ရီသည် ၂၉-၈-၂၀၂၁ရက်တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးစောမြအောင်သည် ၁၅-၄-၂၀၀၉ ရက်တွက်လည်းကောင်း ကွယ်လွန်ခဲ့ရာ အထက်ဖော်ပြပါမြေကွက်ကို ကျန်ရှိသော သားသမီးများဖြစ်ကြသည့် ဦးသန့်ဇင်အောင် ၁၀/မလမ(နိုင်) ၁၈၁၁၄၂ နှင့် ဒေါ်အိသဥ္ဇာအောင် ၁၀/မလမ(နိုင်)၁၈၁၁၃၄တို့က ကျမ်းကျိန်လွှာအမှတ် ၃၈၃/၂၀၂၂ အရလည်းကောင်း အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၃၈၄/၂၀၂၂ အရလည်းကောင်း၊ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ထို့နောက် ၎င်းတို့က မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရုံး၌ မူလအမည်မှ လျှောက်ထားသူများ အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧက၊ မြေကွက်အမှတ်(ဥ-၇၄၉၈)ဒေါ်ခင်စန်းဝင်း(ဘ)ဦးအေး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်သဲပိုပိုစိုး ၁၀/ကထန(နိုင်)၁၀၀၆၃၇(ဘ)ဦးစိုးသိန်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၁၈၁/၂၀၂၂ (၁၄-၁-၂၀၂၂) တင်ပြ၍ ဦးညီညီကြိုင် ၁၂/ဗဟန(နိုင်)၀၂၄၉၄၀ (ဘ)ဦးမောင်ကြိုင် အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ တက်တိုးနယဉ်အိမ်ရာ၊ အမှတ်(၁၁)၊ မြေညီထပ်၊ အခန်း(အေ)၊ ကွန်ဒိုတိုက်ခန်း အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ အိတ်ဖွင့်လေလံတင်ရောင်းချရန် ကြေညာခြင်း

